# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 7 December 2023 ၁၁၃၀၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)

ချစ်ကြည်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျရောက်သည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းခညောင်းပြီး ကာယသုခ၊ စိတ္တသုခတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

# ပြည်သူများ ငွေကြေးကုန်ကျမှုနည်းနည်းဖြင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို တိုင်းရင်းသားများအပါအဝင် လူတိုင်းလက်လှမ်းမီ သာတူညီမျှရရှိနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✮

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။




ကြေးမုံ

# နိုင်ငံအကျိုးပြု အမျိုးသားအောင်ပွဲသို့ချီ

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်၊ ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်။ ဤနေ့သည် မြန်မာတစ်မျိုးသားလုံးကို ဝံသာနုရက္ခိတစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်များ နိုးကြားထက်သန်လာအောင် တပ်လှန့်နှိုးဆော်လိုက်သည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့မှ မွေးဖွားလာသည့် တစ်မျိုးသားလုံး အမျိုးသားအားမာန်များဖြင့် လွတ်လပ်သောနိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်နိုင်ခဲ့ပြီး နှစ်ပေါင်းတစ်ရာကျော်လာပြီဖြစ်သည့် မျက်မှောက်ကာလတွင် ယင်းအမျိုးသားရေး အားမာန်များဖြင့်ပင် "ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် ရန်ကုန်တက္ကသိုလ်သည် အိန္ဒိယပြည် ကာလကတ္တားတက္ကသိုလ် လက်အောက်ခံဖြစ်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကို သီးခြားတက္ကသိုလ်အဖြစ် ထားရှိရန်စီစဉ်ခဲ့ရာ ထိုဥပဒေအရ မြန်မာကျောင်းသားတို့ အထက်တန်းပညာသင်ကြားရေးတွင် များစွာအခက်အခဲဖြစ်ခဲ့သည်။ မြန်မာလူငယ်တို့ အထက်တန်းပညာသင်ကြားတတ်မြောက်ရေးကို အဟန့်အတားဖြစ်စေသည့် ထို ၁၉၂၀ ပညာရေးဥပဒေကို ကန့်ကွက်သောအားဖြင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် သပိတ်တိုက်ပွဲစတင်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အာဏာစက်ကို မော်၍မျှမကြည့်ဝံ့သော ထိုခေတ်ကာလတွင် ကျောင်းသားသပိတ်သည် ထင်ရှားသော နယ်ချဲ့ဆန့်ကျင်ရေးအောင်လံ ဖြစ်ခဲ့သည်။ ထိုအချိန်မှစတင်၍ မြန်မာတစ်မျိုးသားလုံး နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ နိုးကြားထက်သန်လာသည်။ ထို့ကြောင့်ပင် တက္ကသိုလ်ဥပဒေကိုဆန့်ကျင်ခဲ့သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် ယနေ့ထက်တိုင် မော်ကွန်းတင်ခဲ့လေသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများလှုပ်ရှားမှု၊ အမျိုးသားပညာရေးမှ သန္ဓေတည်လာခဲ့သော အမျိုးသားအောင်ပွဲမှတစ်ဆင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ တစ်မျိုးသားလုံးတွင်ဖြစ်ထွန်းပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည့် အားမာန်ခွန်အားများမှာ ကြီးမားလှပါသည်။ လွတ်လပ်သောနိုင်ငံအဖြစ် ရောက်ရှိနေသည့် ယနေ့အချိန်အခါတွင် ရရှိပြီးသောလွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ထက်သန်နိုးကြား ရှင်သန်နေစေရေး၊ နိုင်ငံသားအားလုံး ပညာရည်ပြည့်ဝပြီး နိုင်ငံတော်အေးချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမျိုးသားအောင်ပွဲနေ့စိတ်ဓာတ်ဖြင့်ပင် တစ်မျိုးသားလုံး နိုးကြားတက်ကြွစွာ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ ယိုယွင်းနေသည့် နိုင်ငံများ၏ ဖြစ်စဉ်များကိုကြည့်လျှင် ပညာကိုအခြေခံသည့် အမျိုးသားရေးစိတ်ဓာတ်များနှင့် အမျိုးသားရေးတာဝန်များ ကင်းမဲ့နေခြင်း သို့တည်းမဟုတ် နိုင်ငံတိုင်း နိုင်ငံတိုင်း ထားရှိရမည့် အမျိုးသားရေးစိတ်ဓာတ်များအပေါ်တွင် ကျဉ်းမြောင်းသောခံယူချက်နှင့် တလွဲထင်မြင်ယူဆချက်များရှိနေခြင်းပင်ဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်နိုးကြားလာစေရန် ပညာကိုအခြေခံ၍ ဖြစ်ပေါ်လာခဲ့သည်ကို မြန်မာနိုင်ငံ၏ အမျိုးသားအောင်ပွဲနေ့က ခိုင်မာစွာသက်သေထူထားပြီးဖြစ်သည်။ ပညာကိုအခြေခံသော်လည်း ကျဉ်းမြောင်းသော နိုင်ငံရေးအယူအဆများ လွှမ်းမိုးမှုကြောင့် အမျိုးသားရေးစိတ်ဓာတ်များ၊ ဝံသာနုရက္ခိတတရားများ ခေါင်းပါးလာသည်ကို မြန်မာနိုင်ငံတွင်လည်း တွေ့မြင်နိုင်ပါသည်။ ကျဉ်းမြောင်းသောစိတ်ဓာတ်များဖြင့် တိုင်းပြည်ကို အနုတ်လမ်းကြောင်းပေါ်သို့ တွန်းနေကြသည်ကို တွေ့မြင်နိုင်ပါသည်။

လူတိုင်းတွင် မှန်ကန်သော အတွေးအမြင်၊ အယူအဆ၊ အသိပညာ ဗဟုသုတများကို အခြေခံသည့် စစ်မှန်သောပညာ ထွန်းကားလာရေးသည် နိုင်ငံအနာဂတ်အတွက် အလွန်လိုအပ်နေသည်ကို ဆင်ခြင်ကြည့်နိုင်ပါသည်။ ပညာတတ်တိုင်းလည်း အများအကျိုးစီးပွားကို ဦးစားမပေး၊ အလေးမထား ကိုယ့်ခံယူချက်၊ ကိုယ့်လမ်းစဉ်၊ ကိုယ့်ဝါဒကို ဦးစားပေးနေပါက အများပြည်သူတို့၏ အနာဂတ်နှင့်အကျိုးစီးပွားများ မှေးမှိန်ပျောက်ဆုံးနေမည်ကို လက်တွေ့ဖြစ်ရပ်များတွင် အထင်အရှား မြင်တွေ့နေသည်။ ထို့ကြောင့် စစ်မှန်သော ပညာကိုအခြေခံသည့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက် အမျိုးသားအောင်ပွဲခွန်အားများကို စုစည်းတည်ဆောက်ကြရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပညာစွမ်းအားအောင်ပွဲများဖြင့် နိုင်ငံကို တည်ဆောက်ကြရမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို တိုင်းရင်းသားအားလုံး၏ ညီညွတ်သောစုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသောလူငယ်များ ပြုစုပျိုးထောင်ရေး၊ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်လေးရပ်ဖြင့် အကောင်အထည်ဖော်ထားသည်။ အဆိုပါဦးတည်ချက်များသည် နိုင်ငံတော်အနာဂတ် ပိုမိုကောင်းမွန်လာစေရန်၊ နိုင်ငံတကာအလယ်တွင် တင့်တယ်စွာရပ်တည်နေနိုင်ရန် လိုအပ်သည့် အမျိုးသားအားမာန်များဖြစ်ရာ တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်များဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ အောင်ပွဲချီရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက်

## အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

## ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက်

## အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။

★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။

★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## ကျိုက်ထိုမြို့နယ်၌ အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်

ကျိုက်ထို ဒီဇင်ဘာ ၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ၊ အမျိုးသားရေးစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်စေရေး အကြောင်းတို့ကို ဆွေးနွေးဟောပြောပြီး စွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ပေးကာ ထူးချွန်သူများအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။



ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမျိုးသားရေးစိတ်ဓာတ်ရှင်သန်စေမည့် နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးသူငယ်စစ်မှုထမ်းခြင်းမှကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးနံရံကပ်စာစောင်များကို ပြသရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၇၀၀ | ၈၄၆ | ၇,၃၆၄,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၇,၁၆၄ | ၂၀,၇၇၅,၆၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၁၅ | ၁၁၁,၀၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၂,၀၈၂ | ၃,၃၃၁,၂၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၁၀ | ၂၃,၅၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၅၇၃ | ၁,၁၄၄,၉၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၃၄ | ၁၆၂,၂၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၄ | ၆,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည် မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေးအကျိုးစီးပွားပင်ဖြစ်

❍ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ နယ်ချဲ့လက်အောက် ကိုလိုနီဘဝ ကျရောက်ခဲ့ရသောကာလတွင် နယ်ချဲ့တို့က ကျွန်သက်ရှည်စေရန် ပညာရေးစနစ်ကို လက်နက်တစ်ခုအဖြစ်အသုံးချပြီး မြန်မာတို့ကို အသိဉာဏ်ပညာနိမ့်ပါးအောင် ဖိနှိပ်လုပ်ဆောင်ခဲ့ကြပါသည်။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၄ ရက်တွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုကို ပေါင်းစည်းကာ ရန်ကုန်တက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် ပြဋ္ဌာန်းဖွဲ့စည်းခဲ့ပါသည်။ ထိုအက်ဥပဒေသည် မြန်မာလူမျိုးအများစု တက္ကသိုလ်ပညာသင်ယူခွင့် မရစေဘဲ ပညာတတ်နည်းပါးစေရန် အကန့်အသတ်ဖြင့်သာ တက်ရောက်ခွင့်ရသော ဥပဒေဖြစ်သဖြင့် တက္ကသိုလ်ကျောင်းသားများက ဆန့်ကျင်ဆန္ဒပြခဲ့ကြပါသည်။

၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပခဲ့သော ဂျီစီဘီအေ အထူးကွန်ဖရင့်က ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို **"အမျိုးသားနေ့"**အဖြစ် စတင်သတ်မှတ်ခဲ့ကြပါသည်။ ထိုနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှုကို တော်လှန်အောင်ပွဲခံသောနေ့ဖြစ်သောကြောင့် **"အမျိုးသားအောင်ပွဲနေ့"**ဟုလည်း သတ်မှတ်ခေါ်ဆိုခဲ့ကြပါသည်။ ထိုကဲ့သို့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားပညာရေး၊ တက္ကသိုလ်ပညာရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတို့နှင့် ယှဉ်တွဲပေါ်ပေါက်လာသော အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် ၁၀၃ နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

၂၀၂၃ ခုနှစ် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်မှာ **"ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"** ဖြစ်ပြီး တွေ့ကြုံခဲ့ရသော သမိုင်းဖြစ်ရပ်များအပေါ် သင်ခန်းစာယူကာ တန်ဖိုးမဖြတ်နိုင်သည့် ငြိမ်းချမ်းရေးအမွေအနှစ်ကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် အရေးပါသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ( NCA )ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များအားလုံး ပါဝင်လာနိုင်ရေး အမြဲတံခါးဖွင့် ကြိုဆိုလက်ကမ်းထားပါသည်။ NCA ချုပ်ဆိုခြင်းနှင့် ဆက်လက်ဆွေးနွေးမှုများမှ ရရှိလာသည့်ရလဒ်များကို အခြေခံ၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ လျှောက်လှမ်းကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးကို သမိုင်းစဉ်ဆက်မပြတ် တာဝန်ထမ်းရွက်ခဲ့သော၊ နိုင်ငံ့အရေးကြုံလာတိုင်း ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာမည့် ပြည်တွင်း ပြည်ပ ရန်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ လက်ရှိအခြေအနေတွင်လည်း နိုင်ငံတော်အတွက် အန္တရာယ်ရှိမည့် ရွေးကောက်ပွဲတွင် ရိုးသားမှန်ကန်မှုမရှိဘဲ မသမာသောနည်းဖြင့် နိုင်ငံတော်အာဏာကို မတရားရယူမည့်အခြေအနေကို ကာကွယ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်ကာလသတ်မှတ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ ရည်မှန်းချက်များချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရမည့် အချိန်ကာလဖြစ်ပါသည်။

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ဆိုသည်မှာ အများစုက ရွေးချယ်ခြင်း၊ အများစု၏ဆန္ဒကို ဥပဒေနှင့်အညီ စီမံဖော်ဆောင်ခြင်းနှင့် ဖက်ဒရယ်ဆိုသည်မှာ ပေါင်းစည်းနေထိုင်ခြင်း၊ သဟဇာတဖြစ်ခြင်း၊ မျှဝေခံစားခြင်း၊ အုပ်ချုပ်မှုတာဝန်ခွဲဝေလုပ်ဆောင်ခြင်းဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဦးဆောင်သူ၊ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ လိုက်နာကျင့်သုံးသူများအားလုံးသည် အသိပညာ၊ အတတ်ပညာများ၊ စဉ်းစားတွေးခေါ်နိုင်သည့်စွမ်းရည်များ ပြည့်စုံကြရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်သည့် ဘက်စုံပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်၍ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေးသည် အရေးပါလှသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)ကို ၂၀၂၃ ခုနှစ် မေလ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး ရှေ့လုပ်ငန်းအစီအမံများ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံးအလယ်တန်းအဆင့်(KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာနှင့် အထက်တန်းပညာ သင်ယူနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့်ပြီးမြောက်သူများအနေဖြင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာများ သင်ယူနိုင်သည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို နိုင်ငံတစ်ဝန်းရှိ ခရိုင်များတွင် ဖွင့်လှစ်ပေးလျက်ရှိပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေးအကျိုးစီးပွားပင်ဖြစ်ပါသည်။

ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူသော ဗလငါးတန်ပြည့်စုံစေရေးအတွက် အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများတွင် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ ထို့အပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော၊ ဥပဒေနှင့် စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတစ်ခုတွင် စီးပွားရေးမောင်းနှင်အားကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးနှင့် ကာကွယ်ရေးအခန်းကဏ္ဍတို့တွင်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်မည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အချိန်တိုအတွင်း ထိရောက်အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို အားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အလေးထား အားပေးဆောင်ရွက်ပြီး အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည်ဖော်ဆောင်ပေးလျက်ရှိပါသည်။

ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု ပေါ်တွင် တည်မှီနေပါသည်။ လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကို ရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှု၊ ညီညွတ်မျှတမှု၊ စိတ်စေတနာကောင်းမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှုတို့ကို အခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညာစွာဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ၂၀၂၃ ခုနှစ် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သော-

- **တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊**
- **လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ရေး၊**
- **ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး၊**
- **စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေးတို့ကို** အမျိုးသားရေးတာဝန်၊ အမျိုးသားရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်သော အမျိုးသားရေးအားမာန်များဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**☆ ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေ**

**☆ လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကို ရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှု၊ ညီညွတ်မျှတမှု၊ စိတ်စေတနာကောင်းမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှုတို့ကို အခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညာစွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်**

**☆ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူသော ဗလငါးတန်ပြည့်စုံစေရေးအတွက် အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများတွင် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိ**

**☆ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော၊ ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိ**

**☆ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### ✯ ပြည်သူများမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အသင်း/ အဖွဲ့များ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲ အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲ ဒုတိယပိုင်းကို Plenary Hall ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ **"ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)"**ကို နိုင်ငံတကာနှင့် ပြည်တွင်း၌ဆောင်ရွက်နေကြသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံများကို ဖလှယ်ရန်၊ နိုင်ငံတကာနှင့် ပြည်တွင်း ပြည်သူ့ကျန်းမာရေး အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကွန်ရက်ကို ပိုမိုမြှင့်တင်ရန်၊ အရည်အသွေးပြည့်ဝသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို လွှမ်းခြုံမှုမြင့်မားစွာဖြင့် လူတိုင်းလက်လှမ်းမီ သာတူညီမျှရရှိရေး တိုးမြှင့်ဆောင်ရွက်ရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDGs)ပါ ရည်မှန်းချက်များနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(MSDP)ပါ ရည်မှန်းချက်များ ပြည့်မီရေးတွင် အဓိကကျသည့် ပြည်သူ့ကျန်းမာရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ရန်၊ အနာဂတ် ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ဦးဆောင်မည့်သူများအား ပြုစုပျိုးထောင်ရန် ဆိုသည့် ရည်ရွယ်ချက်များနှင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်ကိုသိရပါကြောင်း၊ အင်မတန်ကျယ်ပြန့်သည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ယခု နှီးနှောဖလှယ်ပွဲကြီးတွင် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေး ပညာရှင် ၁၈၀၀ ကျော်နှင့် နိုင်ငံတကာမှ ပြည်သူ့ကျန်းမာရေး ပညာရှင် ၃၀ တို့က လူကိုယ်တိုင်နှင့် အွန်လိုင်းတို့မှ တက်ရောက်ဆွေးနွေးကြမည်ဟု သိရပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူအားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက် မြင့်မားလာစေရေး စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိရာတွင် **"လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိဘူး"** ဆိုသည့်မူနှင့်အညီ **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"**ဆိုသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

### အထောက်အကူပြုနိုင်မည်

ယခု ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးကိုလည်း **"Improving the longevity and health of the nation"** **"လူတိုင်း သက်ရှည်ကျန်းမာဖို့၊ ပြည်သူ့ကျန်းမာရေး မြှင့်တင်စို့"** ဆိုသည့် ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည့်အတွက် အဆိုပါလူမှုရေးဦးတည်ချက်ကို အကောင်အထည်ဖော်ရာ၌ အရေးကြီးသည့် ပံ့ပိုးမှုတစ်ခုအနေဖြင့် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ပြည်သူ့ကျန်းမာရေး ဆိုသည်မှာ ကျန်းမာရေးနှင့် သက်ဆိုင်သူများက ပြည်သူများ ကျန်းမာကြံ့ခိုင်စေရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးခြင်းနှင့် ပြည်သူများကလည်း ကျန်းမာရေးအသိဖြင့် သက်ရှည်ကျန်းမာအောင် နေထိုင်စားသောက်လုပ်ဆောင်ကြခြင်းပင် ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများသည် ကျန်းမာရေးအဆင့်မြှင့်တင်ရေးနှင့် ရောဂါများကြိုတင်ကာကွယ်တားဆီးရေးတို့ကို ပိုမိုအလေးပေး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ရောဂါကင်းဝေးပြီး ကျန်းမာသန်စွမ်းသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးမြှင့်ရရှိလာနိုင်မည်ဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်လာစေရေးကို များစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် **"Prevention is better than cure"** **"ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည်"**ဆိုသည့် စကားအတိုင်း ရောဂါကြိုတင်ကာကွယ်တားဆီးရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ပြည်သူများ၏ မျှော်မှန်းလူ့သက်တမ်း ပိုမိုမြင့်မားလာရန်၊ လူတိုင်း သက်ရှည်ကျန်းမာပြီး ရောဂါဘယကင်းရှင်းရန် ရည်ရွယ်ဆောင်ရွက်ရာတွင် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို မြှင့်တင်ပေးခြင်းသည် အဓိကကျပါကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်သူ့ကျန်းမာရေးကဏ္ဍကို အထူးအလေးပေးဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၁၉၉၀ ပြည့်နှစ်တွင် ရှိခဲ့သည့် မိခင်သေဆုံးမှုနှုန်းကို ၂၀၂၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် ၅၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု သိရပါကြောင်း၊ မွေးကင်းစကလေးသေဆုံးနှုန်းသည်လည်း ၂၀၀၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် ၄၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တီဘီရောဂါဖြစ်ပွားမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ၂၀၁၅ ခုနှစ် ရောဂါဖြစ်ပွားနှုန်း၏ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည့်အတွက် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် တီဘီရောဂါ အဆုံးသတ်နိုင်ရေး မှတ်တိုင်(End TB milestone)ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည်ဟု သိရှိရပါကြောင်း၊ ထို့အပြင် HIV/AIDS နှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားမှု၊ သေဆုံးမှုကိုလည်း သိသိသာသာလျှော့ချနိုင်ခဲ့သည်ကို သိရှိရပါကြောင်း၊ ယခုကဲ့သို့ ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ရရှိခဲ့သည့် အောင်မြင်မှုများကို မိမိအနေဖြင့် အထူးပင်အသိအမှတ်ပြုပါကြောင်းနှင့် ပြည်သူများ

**စာမျက်နှာ ၅ သို့** ❂




ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက "မြှင့်တင်အားပေး ပြည်သူ့ကျန်းမာရေး" ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြစဉ်။




နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။




❂ စာမျက်နှာ ၄ မှ

ငွေကြေးကုန်ကျမှု နည်းနည်းဖြင့် အရည်အသွေး ပြည့်ဝသည့် ကျန်းမာရေး စောင့်ရှောက်မှုများကို တိုင်းရင်းသားများ အပါအဝင် လူတိုင်း လက်လှမ်းမီ သာတူညီမျှ ရရှိနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ဆောင်ရွက်ပေးလျက်ရှိ**

အခြေခံ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်ချက်အရ ကျေးလက်ဒေသများအထိ သွားရောက်ပြီး အနီးကပ်ဆောင်ရွက် ကြရပါကြောင်း၊ နိုင်ငံတော်ကလည်း အခြေခံကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားပေးခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ စံကိုက်ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများအဖြစ် အဆင့်မြှင့်တင်ပေးခြင်း၊ ဝန်ထမ်းအိမ်ရာများ ထည့်သွင်း ဆောက်လုပ်ပေးခြင်းနှင့် မရှိမဖြစ် အခြေခံဆေးနှင့် ဆေးပစ္စည်းများအား ဝယ်ယူဖြည့်တင်းပေးခြင်းတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကျန်းမာရေး ဝန်ထမ်းများ တာဝန်ကျရာနေရာတွင် အဆင်ပြေစွာ နေထိုင်တာဝန်ထမ်းဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဝန်ထမ်းအိမ်ရာများကို တိုးမြှင့်ဆောက်လုပ်ပေးလျက်ရှိသည့်အပြင် ဘွဲ့လွန်ရရှိထားသည့် ဆရာဝန်၊ သူနာပြုအပါအဝင် ကျန်းမာရေးဝန်ထမ်းများကို ပညာရှင်ဘွဲ့ချီးမြှင့်ငွေများ လစဉ်ချီးမြှင့်နေသကဲ့သို့ ခံစားခွင့်များကိုလည်း တိုးမြှင့်ခွင့်ပြုပေးထားပါကြောင်း၊ အလားတူ ကျန်းမာရေးလုံခြုံမှု လိုအပ်သည့် ဝန်ထမ်းများအတွက်လည်း Risk Allowance လစဉ် ချီးမြှင့်ငွေများကိုလည်း ပေးအပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်က ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဖြစ်သည့် ကာကွယ်ဆေးထိုး လုပ်ငန်းနှင့် တီဘီ၊ HIV ရောဂါကုသဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရေး၊ မိခင်ကလေးကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး၊ မကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူရေးစသည်များအပါအဝင် ကျန်းမာရေးကဏ္ဍအတွက် ရန်ပုံငွေများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ခွဲဝေချထားပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ နီးနွှယ်ဌာနများ၊ အလှူရှင်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုးကြီးကိုလည်း အချိန်တိုအတွင်း ထိခိုက်ဆုံးရှုံးမှုနည်းစွာဖြင့် အောင်မြင်စွာ ကာကွယ်ထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအလွန်တွင် အခြားကူးစက်ရောဂါများဖြစ်ပွားမှုမရှိခြင်း၊ ၂၀၂၃ ခုနှစ် မေလထဲ၌ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းအပြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ချက်ချင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက် ပေးနိုင်ခဲ့သဖြင့် မုန်တိုင်းအလွန် ကာလတွင် ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိခြင်း တို့သည် ကျန်းမာရေးကဏ္ဍ၏ အောင်မြင်မှု မှတ်တိုင်များပင် ဖြစ်ပါကြောင်း။

**တိုးမြှင့်ဆောင်ရွက်**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သည့် ဦးတည်ချက်များ အောင်မြင်ရေးကို ယခုကျင်းပသည့် ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှရရှိလာမည့်အတွေ့အကြုံများ၊ ဗဟုသုတများ၊ နည်းပညာသစ်များကို သေချာစွာ ဆန်းစစ်လေ့လာပြီး တီထွင်ဆန်းသစ်မှုများနှင့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ပေးသွားကြရန်၊ တိုင်းရင်းသားပြည်သူအားလုံး ရောဂါဘယ ကင်းရှင်းပြီး သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် မျှော်မှန်း သက်တမ်း မြင့်မားလာရေးတို့အတွက် နိုင်ငံတော်၏ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို ပိုမိုတိုးတက်မြင့်မားလာစေရေး အားလုံးက ဝိုင်းဝန်းပါဝင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သီဆိုဖျော်ဖြေ**

ယင်းနောက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အောင်မြင်မှုများ မှတ်တမ်း (Video Clip)ကို ပြသပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက "မြှင့်တင်အားပေး ပြည်သူ့ကျန်းမာရေး" ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မျိုးဆက်ပွားမိခင်နှင့် ကလေးကျန်းမာရေးဌာနခွဲပြခန်း၊ သက်ကြီးရွယ်အိုကျန်းမာရေး အာဟာရနှင့်ကျောင်းကျန်းမာရေးဌာနခွဲပြခန်း၊ လုပ်ငန်းခွင်နှင့်ကျန်းမာရေး သတင်းအချက်အလက်ဌာနခွဲပြခန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနပြခန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဌာနခွဲပြခန်း၊ ရောဂါနှိမ်နင်းရေးနှင့် မကူးစက်တတ်သောရောဂါ ဌာနခွဲပြခန်း၊ ဗဟိုကူးစက် သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်ဌာနခွဲပြခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနပြခန်း၊ စက်မှုဝန်ကြီး ဌာနပြခန်း၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာနပြခန်း၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများပြခန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနပြခန်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ အကြံပြုပြောကြားခဲ့သည်။

ယခုကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ဒီဇင်ဘာ ၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သည့် ဦးတည်ချက်များ အောင်မြင်ရေးကို ယခုကျင်းပသည့် ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှရရှိလာမည့် အတွေ့အကြုံများ၊ ဗဟုသုတများ၊ နည်းပညာသစ်များကို သေချာစွာ ဆန်းစစ်လေ့လာပြီး တီထွင်ဆန်းသစ်မှုများနှင့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားကြရန်၊ တိုင်းရင်းသား ပြည်သူအားလုံး ရောဂါဘယကင်းရှင်းပြီး သက်တမ်းစေ့အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် မျှော်မှန်းသက်တမ်းမြင့်မားလာရေးတို့အတွက် နိုင်ငံတော်၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို ပိုမိုတိုးတက်မြင့်မားလာစေရေး အားလုံးက ဝိုင်းဝန်းပါဝင်ပူးပေါင်း ဆောင်ရွက်**

★ **ကျောဖုံးမှ**

အစည်းအဝေးသို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များချီးမြှင့်ခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်အတွက် ထူးကဲစွာ ဘာသာ သာသနာ့အကျိုးဆောင်ရွက်ခဲ့ကြသည့် သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များထမ်းဆောင်ရာတွင် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

**စိစစ်သွားမည်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ကဏ္ဍပေါင်းစုံက မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များနှင့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးကို ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ စိစစ်သွားမည်ဖြစ်ကြောင်း။

**★ နိုင်ငံတော်ကို ထူးကဲစွာအကျိုးပြုသည့် ဂုဏ်ပြုချီးမြှင့်ထိုက်သူ သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်တံဆိပ်များ၊ ဘွဲ့တံဆိပ်များ စနစ်တကျစိစစ်ပြီး ချီးမြှင့်မည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း ထိခိုက်/ဒဏ်ရာရ၊ သေဆုံး/ ကျဆုံးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း ထောက်ပံ့ငွေများ ပေးအပ်နိုင်ရေးအတွက်ကိုလည်း ယခုအစည်းအဝေးတွင် ထည့်သွင်းစိစစ်သွားမည်**

အလားတူ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့်ပတ်သက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ခုနှစ်၊ ဇွန်လ ၁၇ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၅) သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့များက ပဏာမစိစစ်ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရှိရကြောင်း၊ ဆက်လက်၍လည်း အသေးစိတ် စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသည့် ပုဂ္ဂိုလ်များနှင့် ညွှန်ကြားရေးမှူးချုပ်လုပ်သက် သုံးနှစ်၊ ငါးနှစ် ပြည့်မီသော ညွှန်ကြားရေးမှူးချုပ်နှင့်အဆင့်တူ အရာရှိကြီးများအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးကို ၂၀၁၄ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက် ပြဋ္ဌာန်းချက်နှင့်အညီ စိစစ်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကို ထူးကဲစွာအကျိုးပြုသည့် ဂုဏ်ပြုချီးမြှင့်ထိုက်သူ သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်တံဆိပ်များ၊ ဘွဲ့တံဆိပ်များ စနစ်တကျစိစစ်ပြီး ချီးမြှင့်မည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း ထိခိုက်/ဒဏ်ရာရ၊ သေဆုံး/ ကျဆုံးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း ထောက်ပံ့ငွေများ ပေးအပ်နိုင်ရေးအတွက်ကိုလည်း ယခုအစည်းအဝေးတွင် ထည့်သွင်းစိစစ်သွားမည်ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးတွင် ပဏာမစိစစ်ရေးအဖွဲ့ အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ထပ်မံစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

နှစ်စဉ် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ချီးမြှင့်အပ်နှင်းလျက်ရှိသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်များနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပဏာမစိစစ်ပြီး တင်ပြလာသည့် ချီးမြှင့်သင့် ချီးမြှင့်ထိုက်သော သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်နိုင်ရေးနှင့် ရရှိသင့် ရရှိထိုက်သောပုဂ္ဂိုလ်များ မကျန်ရှိစေရေးတို့အတွက် ချီးမြှင့်အပ်နှင်းခံရမည့်ပုဂ္ဂိုလ်များ၏ အရည်အချင်းမှာ သားစဉ်မြေးဆက် ဂုဏ်ယူဝံ့ကြွားနိုင်သော ထိုက်တန်သည့် စွမ်းဆောင်ရည်များကိုသာ ချီးမြှင့်ခြင်းမျိုးဖြစ်စေရေး ဝိုင်းဝန်းဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြည်ထောင်စုအဆင့်အဖွဲ့ အစည်း၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများဖြင့် ကြိုတင်စိစစ်ရေးအစည်းအဝေးများ၊ ပဏာမစိစစ်ရေးအဖွဲ့ အစည်းအဝေးများ ကျင်းပဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် စိစစ်ရေးအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေး စိစစ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် တစ်နှစ်တာအတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်ခဲ့သည့်ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်ချီးမြှင့်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း စိစစ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

○ ၂၀၂၃-၂၀၂၄ မှ

အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲနှင့် အမျိုးသား မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများကို ကျင်းပကြရာ အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် မစုနှင်းဝေ(မကွေး)က ပထမ၊ မမီမီဟန် (ရန်ကုန်)က ဒုတိယ၊ မကြယ်စင်သန့်(မန္တလေး)က တတိယ ရရှိကြသည်။ အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် မပြည့်ဖူးဝေ (ကချင်)က ပထမ၊ မနှင်းအိအောင်(မကွေး)က ဒုတိယ၊ မစိုးစန္ဒာထက် (ဧရာဝတီ)က တတိယ ရရှိကြသည်။ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် မောင်သက်အောင် (မန္တလေး)က ပထမ၊ မောင်နက်ရှိုင်း (တနင်္သာရီ)က ဒုတိယ၊ မောင်ထက်စိုးခန့်(ကရင်)က တတိယ ရရှိကြသည်။

အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် မမေနွယ်ထွန်း(မကွေး)က ပထမ၊ မပြည့်ပြည့် (တနင်္သာရီ)က ဒုတိယ၊ မဝေနှင်းဦး(ရှမ်း)က တတိယ ရရှိကြသည်။ အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် မောင်ဇော်လင်းထက်(ဧရာဝတီ)က ပထမ၊ မောင်နှိုင်းဆက်ထွန်း (ကချင်)က ဒုတိယ၊ မောင်အောင်ခန့်သူ(မန္တလေး)က တတိယ ရရှိကြသည်။ အမျိုးသမီး မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးက ပထမ၊ မကွေးတိုင်းဒေသကြီးက ဒုတိယ၊ ကချင်ပြည်နယ်က တတိယ ရရှိကြသည်။ အမျိုးသား မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးက ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ မကွေးတိုင်းဒေသကြီးက တတိယရရှိကြရာ ပြိုင်ပွဲများအပြီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပေးကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ Boxing အားကစားခန်းမ၌ ကျင်းပသည့် အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်က မန္တလေးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီက စစ်ကိုင်းအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီအသင်းက နေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။ အမျိုးသားပိုက်ကျော်ခြင်းပွဲစဉ်တွင် ရန်ကုန်က ကချင်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီက မကွေးကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးက ပဲခူးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

**ကြက်တောင်ရိုက်ပြိုင်ပွဲ**

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ ကျင်းပသည့် အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် နေပြည်တော်က မွန်ပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ကချင်က ကရင်ကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းက မန္တလေးကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်က စစ်ကိုင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် ကရင်က စစ်ကိုင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်က ကချင်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော်က တနင်္သာရီကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီက ရှမ်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပသည့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တနင်္သာရီက မန္တလေးကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးက ရန်ကုန်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသားပြိုင်ပွဲတွင် မန္တလေးက ဧရာဝတီကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းက မကွေးကို သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် ပဲခူးက နေပြည်တော်ကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ကချင်က ကရင်ကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်က ဧရာဝတီကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းက မကွေးကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသမီးပွဲစဉ်တွင် ဧရာဝတီက နေပြည်တော်ကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ကရင်က တနင်္သာရီကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းက ရန်ကုန်ကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးက မန္တလေးကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မန္တလေးက တနင်္သာရီကို လေးဂိုး လေးဂိုးဖြင့် သရေကျကာ ကချင်က မွန်ကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိပြီး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ရှမ်းက မန္တလေးကို လေးဂိုးပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီက ကချင်ကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

နွေကံ့ကော်(မြို့လှ)

၂၀၂၃ ခုနှစ် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်မှာ "ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"ဟူ၍ ဖြစ်သည်။ ပြည်ထောင်စုကြီးငြိမ်းချမ်း နေမှသာလျှင် ပန်းပေါင်းဝေဆာအလှဖြာလျက် အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**ပြည်တွင်းရေးပဋိပက္ခများကိုပါ နယ်ချဲ့တို့က ပူးတွဲပေးအပ်ခဲ့**

လွတ်လပ်ရေးအကြိုကာလက မိမိတို့တိုင်းပြည်၏ အဓိကရည်မှန်းချက်သည် လွတ်လပ်ရေးရယူနိုင်ဖို့ပင် ဖြစ်ခဲ့သည်။ ထို့ကြောင့်ပင် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ စသည့် နှိုးဆော်မှုများဖြင့် လွတ်လပ်ရေးလမ်းကြောင်းကို တစိုက်မတ်မတ် ချီတက်ခဲ့ကြသည်။ ထိုသို့ ချီတက်နေဆဲမှာပင် ပြည်ပလက်ဝေခံ သစ္စာဖောက်များကြောင့် လွတ်လပ်ရေးခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရသည်။ သို့သော်လည်း ကျန်ရှိသူများက လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည်။ နောက်ဆုံးတွင် လွတ်လပ်ရေးကြီး ပြန်လည်ရရှိခဲ့သည်။ သူ့ချည်းသက်သက်တော့မဟုတ်။ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးပြိုကွဲခြင်းမှစသော ပြည်တွင်းရေးပဋိပက္ခများကိုပါ နယ်ချဲ့တို့က ပူးတွဲပေးအပ်ခဲ့ကြခြင်းဖြစ်သည်။

လွတ်လပ်ရေးသက်တမ်းအားဖြင့် ရက်ပိုင်းလပိုင်းမျှသာရှိသေးသည့် နိုင်ငံတော်သည် နုစကပင်အက်ကြောင်းထင်ခဲ့ရသည့် အခြေအနေတွင် ရှိခဲ့ရသည်။ အလံဖြူ၊ အလံနီ၊ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ မွန်လက်နက်ကိုင်အဖွဲ့၊ ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့၊ ရခိုင်မှ မူဂျာဟစ်သူပုန်များ စသဖြင့် မြောက်မြားစွာသော လက်နက်ကိုင်အဖွဲ့များသည် နယ်မြေအသီးသီးမှ ဆန့်ကျင်မှုများ ပြုလုပ်ခဲ့ကြသည်။ ပြည်တွင်းပဋိပက္ခများသာမက ပြည်ပတရုတ်ဖြူကျူးကျော်မှုအန္တရာယ်များကိုလည်း ရင်ဆိုင်ခဲ့ရသေးသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့စဉ်ကာလ အမှောင်ဖုံးသော နေ့ရက်များအား ရွှေရောင်လွှမ်းနိုင်ရေးကြိုးပမ်းရမည့်အချိန်တွင် လက်နက်ကိုင်လမ်းစဉ်များဖြင့် တိုက်ပွဲများဖန်တီးခဲ့ခြင်းသည် တိုင်းပြည်ကို ဒုတိယအကြိမ်မြောက် အမှောင်ဖုံးစေခဲ့ခြင်းပင်ဖြစ်၏။

လွတ်လပ်ရေးပန်းကို ကြည့်ရှုခံစားလျက် အားအင်သစ်များမွေးကာ တိုင်းပြည်တိုးတက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည့်အစား သူကတစ်မျိုး၊ ကိုယ်ကတစ်ဖုံ ပါတီစွဲ အုပ်စုကွဲများဖြင့် တစ်ဖက်နှင့်တစ်ဖက် တွန်းထိုး ပွတ်တိုက်ကြခြင်းဖြင့် တိုင်းပြည်မှာ မြေစာပင်ဖြစ်ခဲ့ရသည်။ ၁၉၄၈ ခုနှစ်မှသည် ၁၉၅၈ ခုနှစ်အတွင်း မည်မည်ရရ တိုးတက်မှုမရှိခဲ့ဘဲ ဆယ်စုနှစ်တစ်ခုစာ အချိန်များ လေလွင့်ခဲ့ရသည်။ ထိုကာလများအတွင်း တိုင်းပြည်ရေးရာအခြေအနေများကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူကာ နိုင်ငံ့ရေးရာအဖြာဖြာကို တာဝန်ယူပေးခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်ကာလမှသည် ၂၀၀၀ ပြည့်နှစ်ကာလများအတွင်း တိုင်းပြည်သည် မတူညီသော နိုင်ငံရေးစနစ်များ၊ အုပ်ချုပ်ပုံစနစ်များဖြင့် ချီတက်ခဲ့သည့်တိုင် မရိုးနိုင်သည့် ဆူးငြောင့်ခလုတ်တံသင်းများက ရှိခဲ့ပြန်သည်။ ထိုကာလများအတွင်း တပ်မတော်က နိုင်ငံ့တာဝန်များကိုရယူလျက် နိုင်ငံတော်ကြီး နောက်တစ်ကြိမ် အချုပ်အခြာအာဏာမဆုံးရှုံးရအောင် ကာကွယ်ပေးခဲ့ရသည်များလည်းရှိခဲ့သည်။ ပြည်ပစွက်ဖက်မှုများနှင့် ပြည်တွင်းသစ္စာဖောက်များ၏ ပုဆိန်ရိုးလုပ်ရပ်များကြောင့် တိုင်းပြည်အတွင်း တိုက်ပွဲကြီးငယ်အသွယ်သွယ် ထပ်မံဖြစ်ပွားခဲ့ရကာ ကိုယ့်တိုင်းရင်းသားပြည်သူများသာ အသက်ဆုံးရှုံးခဲ့ရသည်။ အမိမြေသာ ယမ်းငွေ့ဝေကာ ထွန်ယက်စိုက်ပျိုးရမည့် မြေဆီလွှာများ ပျက်စီးဆုံးရှုံးခဲ့ကြသည်။ စစ်ပွဲ၏ အနိဋ္ဌာရုံများကြားဝယ် ဒေသခံပြည်သူများ ကျီးလန့်စာစားဘဝဖြင့် အသက်ရှည်ရပ်တည်နိုင်ရေး ရုန်းကန်ခဲ့ကြရသည်။ ကချင်ကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကယားကတစ်သွယ်၊ ရခိုင်နယ်တစ်ရေးဖြင့် မြွေပူရာကင်းမှောင့်ခဲ့ရသော တိုင်းပြည်အား ဒေသတွင်းနိုင်ငံများသာမက အနောက်နိုင်ငံများကပါ သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။

**ကာကွယ်တည့်မတ်ပေးခဲ့**

မြန်မာ့နိုင်ငံရေး သမိုင်းရေစီးကြောင်းအရ ကြုံတွေ့ခဲ့ရသော အကွေ့အကောက် အဝေ့အဝိုက်များထက်မှ လှိုင်းတံပိုးရိုက်ခတ်မှုဒဏ်များသည် မြန်မာ့တပ်မတော်ကို လေ့ကျင့်သားပြည့်ဝစေခဲ့သည်။ ပြည့်ဝလျက်ရှိသော လေ့ကျင့်သားများနှင့် နိုင်ငံရေးသင်ခန်းစာများကို ပေါင်းစပ်အသုံးချကာ တပ်မတော်သည် နိုင်ငံတော်ကို အကောင်းဆုံး ကာကွယ်တည့်မတ်ပေးခဲ့သည်။ အရိပ်အာဝါသကင်းမဲ့ပြီး ပူလောင်နေသည့် အရပ်ဒေသတစ်ခုတွင် အလုပ်တာဝန်တစ်ခု ထမ်းဆောင်ရခြင်းသည် အေးမြသည့်အရိပ်တွင် ထမ်းဆောင်ရခြင်းထက် ပိုမိုပင်ပန်းစေမည်မှာ လောကဓမ္မတာပင်ဖြစ်၏။ နေပူဒဏ်ခံရသည့်အပင်များထက် အရိပ်အကာသင့်တင့်လျောက်ပတ်စွာရရှိသည့် အပင်များ ပိုမိုရှင်သန်တတ်ကြသည်မှာလည်း လောကသဘာဝတစ်ခုပင်ဖြစ်ပြန်သည်။ ရေလိုလျှင် ရေ၊ လေလိုလျှင် လေ မျှမျှတတ မြေဩဇာကျွေးနိုင်မှသာ အပင်များရှင်သန်ဖြစ်ထွန်းသကဲ့သို့ တိုင်းပြည်တစ်ခုသည်လည်း ထိုနည်းအတိုင်း တည်ဆောက်မှသာလျှင် တိုးတက်အောင်မြင်မည်ဖြစ်၏။ တပ်မတော်သာလျှင်မက နိုင်ငံတော်၏ အစိုးရအဆက်ဆက်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြပါ၏။

အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့စဉ်က တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းစဉ်များကို အလေးပေး ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများရခဲ့သည်။ အလင်းဝင်လာကြသူများကို ပြန်လည်နေရာချထားပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။ တော်လှန်ရေးကောင်စီလက်ထက်တွင်လည်း နိုင်ငံတော်ကိုစုပေါင်းထူထောင်နိုင်စေရန်အလို့ငှာ မြေအောက်လက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ သို့သော်လည်း နိုင်ငံတော်အစိုးရ၏စေတနာကို အများစုက နားလည်မှုမရှိဘဲ နောက်ဆုတ်သွားခဲ့ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖြစ် တာဝန်ယူခဲ့သည့် ကာလများအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ခဲ့မှုများ၏ အကျိုးဆက်အဖြစ် ပြည်သူတို့၏ လူမှုစီးပွားဘဝများ တိုးတက်ခဲ့ရသည်။ နား၊ မျက်စိများ ပွင့်ခဲ့ကြသည်။ အမျိုးဘာသာသာသနာရောင်ဝါများ ထွန်းလင်းတောက်ပစေခဲ့သည်။ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက်လည်း လမ်းစဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးမှ အစပြုလာသော ဘက်စုံအသီးအပွင့်များပင် ဖြစ်ပေသည်။

ကိုယ့်မင်းကိုယ့်ချင်းဖြင့် အေးချမ်းချစ်ကြည်စွာနေထိုင်လျက်ရှိသော နိုင်ငံတော်အတွင်းသို့ အမိနိုင်ငံရှိ အဖိုးတန် မြေပေါ်မြေအောက် သဘာဝသယံဇာတများကို လိုချင်တပ်မက်ခဲ့ကြသော ကိုလိုနီနယ်ချဲ့တို့သည် အကြောင်းမျိုးစုံဖြင့် နိုင်ငံတွင်းခြေကုပ်ရယူခဲ့ပြီး နောက်ဆုံးတွင် အပိုင်သိမ်းပိုက်သွားကြသကဲ့သို့ ၂၀ ရာစုနှောင်းပိုင်းမှစ၍ တက်ရိပ်ပြလာသော မြန်မာနိုင်ငံအား တစ်ကျော့ပြန်သဘောကျနှစ်ခြိုက်လာခဲ့ကြသည်။ ခေတ်ရေစီးကြောင်းနှင့် လိုက်လျောညီထွေရှိသည့် ဗျူဟာများကို ခင်းကျင်းလျက် ပြည်တွင်းသစ္စာဖောက်များကို မွေးမြူကာ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများကိုအခြေပြု၍ ပြည်တွင်းရေးဆူပူအောင် ဖန်တီးခဲ့ကြပြန်သည်။ တပ်မတော်သည် ခေတ်အဆက်ဆက် အမွေကောင်းများကို လက်ဆင့်ကမ်းယူလျက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေခြင်းအလို့ငှာ ပြည်တွင်းငြိမ်းချမ်းရေးတိုးတက်အောင် ကြံဆောင်ခဲ့သည်။ မကြုံဖူး မကြားဖူးသော ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုများကို စိတ်ရှည်သည်းခံလျက် သဘောထားပြည့်ဝစွာ ဆောင်ရွက်ပေးခဲ့သည်။ ဆောင်ရွက်ပေးနေဆဲလည်း ဖြစ်ပါသည်။ နောင်တွင်လည်း ဆောင်ရွက်ပေးနေဦးမည်သာဖြစ်၏။

**သင်ခန်းစာယူတတ်ရန်လို**

ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုပျက်စီးရာမှ ပျောက်ကွယ်သွားခဲ့သည့် နိုင်ငံများ၊ ပြည်တွင်းစစ်မီးအမွေခံရမှုကြောင့် တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်တိုက်ပွဲဝင်မှုများမှ ပြိုကွဲသွားခဲ့သော နိုင်ငံများကို သင်ခန်းစာယူတတ်ရန်လိုသကဲ့သို့ တစ်ချိန်တစ်ခါက အရှေ့နှင့် အနောက် ပိုင်းခြားခဲ့ကြသောနိုင်ငံများ ယနေ့တွင် ပြန်လည်ပူးပေါင်းကာ တက်ညီလက်ညီ ရှေ့သို့ချီနေကြသည်ကိုလည်း သတိပြုတတ်ကြဖို့လိုပေသည်။ မငြိမ်းချမ်းသောနိုင်ငံများ ခယောင်းလမ်းပေါ် လျှောက်လှမ်းနေရချိန်တွင် တည်ငြိမ်အေးချမ်းမှုအပြည့်ဖြင့် တိုင်းပြည်တိုးတက်ရေးဆောင်ရွက်နေသော နိုင်ငံများက ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များကို ခူးဆွတ်လျက် ရှေ့တန်းသို့ ရောက်ရှိနေကြပြီဖြစ်သည်။

အမိမြန်မာပြည်ဖွား တိုင်းရင်းသားဇာနည်စင်စစ်ဖြစ်သူတိုင်း တိုင်းပြည်ကို ငြိမ်းချမ်းစေလိုသည့် ဆန္ဒများ တူညီစွာရှိကြသည်။ ထိုသူတို့၏ ရည်မှန်းချက်များပပျောက်အောင် ပြည်ပနိုင်ငံများနှင့် ကိုယ်ကျိုးကြည့် ပြည်တွင်းသစ္စာဖောက်များက ဖျက်လိုဖျက်ဆီး လုပ်နေကြခြင်းသာဖြစ်သည်။ အချို့ပြည်ဖျက်မီဒီယာများကလည်း လေလှိုင်းကြားမှ တိုင်းပြည်ကို အဆိပ်သင့်အောင် မဟုတ်မမှန်သတင်းများဖြင့် လုပ်ကြံဖန်တီးကာ ဆောင်ရွက်နေကြသည်။

လွတ်လပ်ရေးဆုံးရှုံးခဲ့စဉ်အချိန်က သူတစ်ပါးလက်အောက်တွင် သူတစ်ပါးသင်ပေးသော ပညာရေးစနစ်ဖြင့် ကိုယ့်စာပေကို အနှိမ့်ချခံကာ ပညာသင်ခဲ့ရသည်။ တိုင်းတစ်ပါးသားတို့အတွက် အခွင့်ထူးခံဖြစ်စေမည့် ယူနီဗာစီတီအက်ဥပဒေကို ဆန့်ကျင်ရာမှ အမျိုးသားနေ့ကြီး ပေါ်ပေါက်လာခဲ့ရသည်။ ကိုယ်ပိုင်အချုပ်အခြာအာဏာကို ပိုင်ဆိုင်လျက် ကိုယ့်ဘာသာ ကိုယ့်သာသနာ ကိုယ့်စာပေကို မြှင့်တင်နိုင်မှသာ နိုင်ငံရှေ့တန်းရောက်မည်ကို ရှေးအခါကပင် အမျိုးသားခေါင်းဆောင်ကြီးများက သိနားလည်ခဲ့ကြသည်။ ထို့အတွက်ကြောင့်ပင် အသက်ခန္ဓာစွန့်လျက် တိုင်းပြည်တိုးတက်အောင် ကြံဆောင်ခဲ့ကြသည်။

**ငြိမ်းချမ်းမှသာ ဖွံ့ဖြိုးတိုးတက်**

လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး သေနတ်သံ၊ ဖုံးသံများစဲမှသာ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်မည်။ ပြည်ထောင်စုကြီးငြိမ်းချမ်းနေမှသာလျှင် လူတိုင်း လက်လှမ်းမီနိုင်သည့် ဘက်စုံပညာရေးစနစ်အတွက် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မည်။ ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များကိုလည်း အင်ပြည့်အားပြည့် ပြုစုပျိုးထောင်နိုင်မည်။ MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည်လည်း ပို၍တိုးတက်လာနိုင်ပေမည်။ ဆိုရလျှင် အားလုံး၏ အခြေခံပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ပေမည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပေသည်။ ရှိထားပြီးသော အင်အားများဖြင့် တပ်မတော်အင်အား ပြည့်ဝအောင်ဖန်တီးရပေမည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိပေမည်။ တပ်နှင့်ပြည်သူ ညီညွတ်စွာလက်တွဲကြရပေမည်။ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညွတ်မှုစွမ်းအားဖြင့် ပြည်ထောင်စုကြီးငြိမ်းချမ်းစေဖို့ ဝိုင်းဝန်းအဖြေရှာနေကြချိန်တွင် ဥပဒေမဲ့ အဖျက်အမှောင့်သမားများကို ထိထိရောက်ရောက် နှိမ်နင်းရပေမည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အလုံးစုံမချုပ်ငြိမ်းသရွေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးက အရှိန်အဟုန် နှေးကွေးနေမည်ဖြစ်သောကြောင့် အရေးကြီးပြီ သွေးနီးကြစို့ဟု တိုက်တွန်းရင်း (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုအပ်ပါသည်။ ။

**“လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး သေနတ်သံ၊ ဖုံးသံများစဲမှသာ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်မည်။ ပြည်ထောင်စုကြီးငြိမ်းချမ်းနေမှသာလျှင် လူတိုင်းလက်လှမ်းမီနိုင်သည့် ဘက်စုံပညာရေးစနစ်အတွက် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်မည်။ ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များကိုလည်း အင်ပြည့်အားပြည့် ပြုစုပျိုးထောင်နိုင်မည်။ MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည်လည်း ပို၍တိုးတက်လာနိုင်ပေမည်”**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၂၃) သို့ တက်ရောက်အမှာစကား ပြောကြား





နေပြည်တော် ဒီဇင်ဘာ ၆

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းနယ်ပယ်တစ်ခုဖြစ်**

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ခရီးသွားလုပ်ငန်းကဏ္ဍသည် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ၊ လေကြောင်းလိုင်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်လုပ်ငန်းများ၊ စားသောက်ဆိုင်နှင့် ဖျော်ဖြေရေးလုပ်ငန်းများ၊ အမှတ်တရပစ္စည်း ရောင်းချသည့်လုပ်ငန်းများစသည်ဖြင့် ကဏ္ဍစုံ နယ်ပယ်စုံဖွဲ့စည်းထားသည့် စီးပွားရေးလုပ်ငန်း နယ်ပယ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို ကမ္ဘာ့အကြီးဆုံးနှင့် အဆက်မပြတ် အလျင်အမြန်ဖွံ့ဖြိုးနေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ထားပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး ဆက်စပ်စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကို မှီခိုရပ်တည်နေရသည့် အများပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာ ထိခိုက်ဆုံးရှုံးစေခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု လျော့နည်းလာခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံအများစုသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးမှုမောင်းနှင်အားကို အထောက်အကူပြုစေရန် ကိုဗစ်-၁၉ ကပ်ရောဂါ အလွန်ကာလ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

**တစ်သန်းကျော်ဝင်ရောက်**

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ခုနှစ် အောက်တိုဘာလမှစ၍ ပြည်တွင်း ခရီးသွားလုပ်ငန်းများ စတင်တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်ကစပြီး နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲခွင့်ပြုခဲ့ကာ ကမ္ဘာလှည့် e-Visa ကို မေ ၂၀ ရက်တွင် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ဧည့်သည် ၂ ဒသမ ၃ သိန်းကျော် ပြန်လည်ဝင်ရောက်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်ထက် ဧည့်သည်ဝင်ရောက်မှု ၄၃ ရာခိုင်နှုန်း တိုးတက်ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လအတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု တစ်သန်းကျော် ဝင်ရောက်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၇၁ ရာခိုင်နှုန်း တိုးတက်ဝင်ရောက်ခဲ့ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးနေသည့်အတွက် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိရေး အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်ကြရာတွင် လွယ်ကူအဆင်ပြေစေရန်နှင့် မလိုလားအပ်သည့်အဟန့်အတားများ၊ ကြန့်ကြာမှုများအား အတတ်နိုင်ဆုံး ဖြေလျှော့ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ဦးတည်ဈေးကွက်နိုင်ငံများနှင့် ချိတ်ဆက်ပြီး ဈေးကွက်ရှာဖွေမြှင့်တင်ရေး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ် (Familiarization Trip – FAM Trip) များ ခေါ်ယူခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသည့် ထူးခြားသည့်ရာသီပွဲတော်များ ရှာဖွေဖော်ထုတ်မြှင့်တင်ခြင်း၊ ပြည်တွင်းပြည်ပ မီဒီယာများဖြင့် ရိုက်ကူးလွှင့်တင်ခြင်း၊ Event Calendar များနှင့် ပတ်သက်သော Information များကို ခရီးသွားများသိရှိအောင် ကြော်ငြာခြင်း၊ ပြည်ပခရီးသွားများအတွက်သာမက ပြည်တွင်းရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်းခရီးသွားဧည့်သည်အများအပြား လည်ပတ်ရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးအပြင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့အတွက် ယနေ့တက်ရောက်လာကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသည့် ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေး၊ ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ်မြှင့်တင်ကာ တစ်နှစ်ပတ်လုံး လည်ပတ်နိုင်သော ခရီးစဉ်ဒေသဖြစ်စေရေးနှင့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်သည့်အခါတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်း ဆက်စပ်အဖွဲ့အစည်းအားလုံးနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ခြောက်ခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ၏ အစီအစဉ်ဖြင့် ပြည်တွင်းဘုရားဖူးခရီးသွားဝန်ဆောင်မှုလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ (SOP)ကို ရေးဆွဲပြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများသို့ ပေးပို့ဆောင်ရွက်ခဲ့မှု၊ ကန့်သတ်နယ်မြေမဟုတ်သော ခရီးစဉ်ဒေသများတွင် ခရီးသည်များ သွားရောက်လည်ပတ်လျက်ရှိသော ခရီးစဉ်ဒေသများ သတ်မှတ်နိုင်ရေးနှင့် ၎င်းခရီးစဉ်များတွင် ခရီးသည်များ လုံခြုံစိတ်ချမှုရှိပြီး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဒေသကိုအခြေခံသည့် လုံခြုံရေးဆောင်ရွက်ပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား ခြောက်မျိုးကို SOP ရေးဆွဲ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ခွင့်ပြုနိုင်ရေး အခြေအနေတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ဗဟန်းမြို့နယ်၌ စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် (ဗဟန်း) လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိမ်းလဲ့လဲ့က အမျိုးသားအောင်ပွဲနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ကျောင်းသား လူငယ်များသည် နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာရေး၊ နိုင်ငံတော်နှင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းကာကွယ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်၏ အရေးပါမှုစသည့် ဗဟုသုတဖြစ်ဖွယ်များနှင့် သိမှတ်ဖွယ်ရာများကို အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကိုကိုလေး(ရန်ကင်းကိုကိုလေး) က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့်သိကောင်းစရာများကို ကျောင်းသား လူငယ်များအား ရှင်းလင်းဟောပြောသည်။

ယင်းနောက် စာစီစာကုံးပြိုင်ပွဲများကို ဆက်လက်ပြုလုပ်ရာ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေးသုတ၊ ရသစာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## ပဲခူးမြို့၌ မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ



ပဲခူး ဒီဇင်ဘာ ၆

ပဲခူးမြို့နယ်တွင် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျင်းပသည်။

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် "ပြည်ထောင်စု ငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" ခေါင်းစဉ်ဖြင့် ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ စာစီစာကုံးပြိုင်ပွဲတွင် ၄၈ ဦး၊ ကဗျာပြိုင်ပွဲ တွင် ၂၀၊ ပန်းချီပြိုင်ပွဲတွင် ၃၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၉၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

သက်ဖြိုးကြိုင် (ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၆

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးများ ကာလအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် သီးခြားဆွေးနွေးပွဲအဖြစ် ယနေ့ဒေသစံတော်ချိန် ညနေ ၄နာရီခွဲတွင် ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် အစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးအား ပိုမိုခိုင်မာစေရေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်မှ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ တရုတ်-မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက် တည်ထောင်ရေး အပါအဝင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ထိန်းသိမ်းသွားရေးအပြင် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှုနှင့် အွန်လိုင်းလိမ်လည်မှုများ အမြစ်ပြတ်တိုက်ဖျက်သွားရေးအတွက် နှစ်ဖက်တရားဥပဒေစိုးမိုးရေးအဖွဲ့များအကြား ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးအပေါ် ထိခိုက်စေနိုင်သည့် သတင်းအမှားများကို ဟန့်တားထိန်းချုပ်သွားနိုင်ရန် မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံ ပြည်သူများအကြား ယုံကြည်မှု၊ နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်နိုင်ငံမှ ဗုဒ္ဓစွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ သင့်လျော်မည့်အချိန်တွင် ပဉ္စမအကြိမ်မြောက် ပင့်ဆောင်သွားနိုင်ရန်အတွက် နှစ်ဖက်ဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့အပေါ် အစဉ်လေးစားမှုနှင့် မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုခြင်းနှင့် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း ရွေးချယ်မှုတို့အပေါ် ထောက်ခံလျက်ရှိသည့် တရုတ်နိုင်ငံ၏ရပ်တည်ချက်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ




နေပြည်တော် ဒီဇင်ဘာ ၆

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဦးဆောင်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် ကိုယ်စားလှယ် ခြောက်ဦးတို့သည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး၏ ဖိတ်ကြားမှုအရ အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး မြန်မာ-ထိုင်း နှစ်နိုင်ငံအလုပ်သမားဝန်ကြီးများ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ရှင်းလင်းပြောကြား**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး မဟာချိုင်မြို့ရှိ မြန်မာအလုပ်သမားများ အလုပ်လုပ်ကိုင်လျက်ရှိသည့် Thai Union စက်ရုံသို့ သွားရောက်၍ မြန်မာအလုပ်သမားများကို အားပေးတွေ့ဆုံကာ သက်ဆိုင်ရာ မိသားစုများထံ ရရှိလစာ၏ ၂၅ ရာခိုင်နှုန်း ပေးပို့ကြရန်၊ Remittance Management System Application ဖြင့် တရားဝင်လမ်းကြောင်းမှ အလွယ်တကူငွေလွှဲနိုင်ရေး ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားလှယ်က အခွန် နှစ်ရာခိုင်နှုန်းအကြောင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားလှယ်က EID စနစ်အကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နေ့လယ်စာအတူသုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာချိုင်မြို့ရှိ သာမန်မြန်မာနိုင်ငံကူးလက်မှတ် အချက်အလက်ကောက်ယူရေးဌာနစိတ် (Temporary Data Collection Center–TDCC) သို့သွားရောက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အထူးဧည့်သည်တော်ခန်းမတွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး Mr. Phiphat Ratchakitprakarn ဦးဆောင်သည့် အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် နှစ်နိုင်ငံအလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)နှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ် သက်တမ်းတိုးလက်မှတ်ရေးထိုးရေး၊ ထိုင်းအစိုးရအဖွဲ့ဆုံးဖြတ်ချက်အရ ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်အတွက် အမည်စာရင်းတင်သွင်းထားသည့် အလုပ်သမားများကို (ပန်းရောင်ကတ်)ထုတ်ပေးနိုင်ရေး၊ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI)ဖြင့် တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်ခလစာများကို မြန်မာနိုင်ငံတွင် ကျန်ရှိသည့် မိသားစုဝင်များထံသို့ တရားဝင်လမ်းကြောင်းမှ လုံခြုံစိတ်ချစွာလွှဲပြောင်းပေးပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ထိုင်းနိုင်ငံဘက်မှ Visa ကြေးများကို ဖြေလျှော့ဆောင်ရွက်ပေးမှုများအတွက် အသိအမှတ်ပြုကျေးဇူးတင်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံခရီးစဉ်အတွင်း မြန်မာအလုပ်သမားများ အများဆုံးနေထိုင်အလုပ်လုပ်ကိုင်လျက်ရှိသည့် နေရာဒေသများရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်တွေ့ဆုံအားပေးခြင်းနှင့် ထိုင်းနိုင်ငံ ဘတ် ၅ သန်း ကုမ္ပဏီများနှင့် MoU လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးခြင်း၊ မြန်မာအလုပ်သမားများအတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ထုတ်ပေးရေး စခန်းဖွင့်လှစ်မည့်နေရာနှင့် အလုပ်သမားသံအရာရှိရုံးပြောင်းရွှေ့ဖွင့်လှစ်မည့်နေရာတို့ကို စစ်ဆေးကြည့်ရှုခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC မှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အကူအညီလိုအပ်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရွာသာကြီးကုန်းတွင်းဆိပ်တွင် အကောက်ခွန်လုပ်ငန်းဆောင်ရွက်နေမှုများ စစ်ဆေး



ရန်ကုန် ဒီဇင်ဘာ ၆

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် (အရှေ့ပိုင်း) ရွာသာကြီးရှိ ကုန်းတွင်းဆိပ် (DRY PORT) များ ဖြစ်သော KM DRY PORT နှင့် Resources Group DRY PORT များ၌ လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် KM DRY PORT နှင့် RG DRY PORT တာဝန်ရှိသူများက ကုန်းတွင်းဆိပ်များတွင် ကုန်ပစ္စည်း တင်သွင်း/တင်ပို့ခြင်း၊ အကောက်ခွန်ကုန်လှောင်ရုံအတွင်းသို့ ကုန်ပစ္စည်းများ ထည့်သွင်းခြင်း/ထုတ်ပေးခြင်းစသည့် လုပ်ငန်းဆောင်ရွက်နေမှု၊ တင်သွင်း/တင်ပို့မည့် ကုန်ပစ္စည်းများကို ကုန်လှောင်ရုံ စီမံခန့်ခွဲသည့်စနစ်များ အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာနမှတာဝန်ရှိသူက ကုန်းတွင်းဆိပ်တွင် ကုန်သေတ္တာများ တင်သွင်း/တင်ပို့မှုအခြေအနေများ၊ အကောက်ခွန်ကုန်လှောင်ရုံ (BONDED WAREHOUSE) ၌ တင်သွင်း ကုန်ပစ္စည်းများနှင့် လျှပ်စစ်သုံးမော်တော်ယာဉ်များ ထုတ်ပေးနေမှုနှင့် တင်ပို့မည့်ကုန်သေတ္တာများ စစ်ဆေးဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ကုန်းတွင်းဆိပ်နှင့် အကောက်ခွန်ကုန်လှောင်ရုံလုပ်ငန်း ဆောင်ရွက်နေမှုများအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်ကစတင်ခဲ့သည့် ကုန်းတွင်းဆိပ်နှင့် အကောက်ခွန်ကုန်လှောင်ရုံ လုပ်ငန်းများကို ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာ့မီးရထား၊ အကောက်ခွန်ဦးစီးဌာနတို့ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကုန်းတွင်းဆိပ်လုပ်ငန်းသည် ပြည်တွင်းအတွက်သာ ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံတကာနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်သည်အထိ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကုန်းတွင်းဆိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့်အတွက် ဆက်စပ်လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အရှေ့တောင်အာရှ၏ သယ်ယူပို့ဆောင်မှုလမ်းကြောင်းတွင် အချက်အချာကျသဖြင့် ရရှိနိုင်သည့် အခွင့်အလမ်းများကို ရယူအသုံးချနိုင်ရန် လိုအပ်ကြောင်း။

ယခုကုန်းတွင်းဆိပ်နေရာသည် ကုန်ထုတ်လုပ်မှုဇုန်အနီး ဝန်းကျင်တွင် ရှိနေသည့်အတွက် အခွင့်အလမ်းများစွာ ရှိပါကြောင်း၊ တင်ပြချက်တွင်လည်း မန္တလေး (မြစ်ငယ်)မှ ရန်ကုန် (သီလဝါ) ဆိပ်ကမ်းသို့ ပို့ကုန်များ ရထားဖြင့် တိုက်ရိုက်တင်ပို့ရန် စီစဉ်ဆောင်ရွက်နေပြီဟု သိရှိရပါကြောင်း၊ ထိုသို့တင်ပို့နိုင်ပါက ပို့ကုန် အခွင့်အလမ်းများစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်း ကုန်သေတ္တာ အသုံးပြု၍ ဆောင်ရွက်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်း၊ လက်ရှိအသုံးပြုနေသည့် E-Lock စနစ်ကိုလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုစေလိုကြောင်း၊ အနာဂတ်တွင် ကုန်းတွင်းဆိပ်၌ ကုန်ပစ္စည်းများ စစ်ဆေးနိုင်ရန်အတွက် X-Ray စက်များကို အသုံးပြုရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကဘက်ကလည်း အကောက်ခွန်ကုန်လှောင်ရုံ လုပ်ငန်းများနှင့် ပတ်သက်၍ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်းအခက်အခဲများ ရှိပါက ပြန်လည် ဖြေရှင်းပေးမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အနာဂတ်ကို မှန်းဆပြီး လုပ်ငန်းများ စနစ်တကျ ပြင်ဆင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ကုန်းတွင်းဆိပ်များတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုလေ့လာပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီးနယ်မြေ ခရိုင်လေးခုရှိ မြို့နယ်လေးခုတို့တွင် ဒီဇင်ဘာ ၄ ရက်မှ စ၍မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်းကိုဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ရပ်/ကျေး ကိုးခုမှ ပြည်သူ ၄၇၃ ဦး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ရပ်/ကျေး ၂၂ခုမှပြည်သူ ၄၁၂ ဦး၊ကျောက်တန်းမြို့နယ် ရပ်/ကျေး ၅၈ ခုမှ ပြည်သူ ၄၉၄ ဦး၊ ပန်းဘဲတန်းမြို့နယ် ရပ်ကွက်ခြောက်ခုမှ ပြည်သူ ၃၃၀ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြသည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို သက်ဆိုင်ရာနယ်မြေအလိုက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များမှတာဝန်ရှိသူများတက်ရောက်ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ပါတီကိုယ်စားလှယ်များ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ လှည်းကူးအခြေခံပညာ အထက်တန်းကျောင်းခွဲ(ကြို့ကုန်း)၌ ကျင်းပ

လှည်းကူး ဒီဇင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်း ကျောင်းခွဲ(ကြို့ကုန်း)၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လှည်းကူးမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ ဦးရန်နိုင်ဦး(ခ) ချစ်သဲဖြူ (ကော့ကရိတ်)က အမျိုးသားနေ့တို့မမေ့၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရွှေယမင်းအောင်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့် အထက(ခွဲ)ကြို့ကုန်း Grade-9 ကျောင်းသားမောင်ရဲထက်နိုင်က အမျိုးသားအောင်ပွဲနေ့ အကြောင်း သိကောင်းစရာတို့ကို အကျယ်တဝင့် ဆွေးနွေးဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မင်းအိက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲများကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ဥာဏ်ဟိန်း

## ဘီးလင်းမြို့နယ်၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်

ဘီးလင်း ဒီဇင်ဘာ ၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်လူထုအခြေပြု ဇာတိုဌာန၌ ပြုလုပ်သည်။

### ဆွေးနွေးဟောပြော

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက်ကျောင်းသားကျောင်းသူ များအား ပုံပြော၊ ကဗျာရွတ်၊ စာဖတ်စွမ်းရည် ပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီး အမျိုးသားနေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မော်လမြိုင် ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ သတင်းတု သတင်းမှားတိုက်ဖျက်ရေးကိစ္စရပ်များ ဆွေးနွေး

**မော်လမြိုင် ဒီဇင်ဘာ ၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းက မော်လမြိုင် ပညာရေးဒီဂရီ ကောလိပ် ပညာညီလာခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေးကိစ္စရပ်များ ဆွေးနွေးပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မော်လမြိုင် ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**တက်ရောက်**

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မော်လမြိုင် တက္ကသိုလ်နှင့် ပညာရေးဒီဂရီ ကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စာပေယဉ်ကျေးမှု အဖွဲ့မှ တိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ မော်လမြိုင် ပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက သာစွဌာနေရာမည်မြေ တေးသီချင်းဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားဖွင့်လှစ်ပြီး ရှေ့သို့ချီမည် ပန်းတိုင်ဆီ၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ၊ တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ် စသည့် Video Clip များကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယနေ့အချိန်တွင် မသမာသူ အဖျက်သမားများက မီဒီယာလုပ်ငန်းများကို အသုံးချ၍ သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်ကာ ပြည်သူများအား အသိအမြင်လွဲမှားစေရန် သတင်းအဆိပ်ခတ် ဆောင်ရွက်နေကြပါကြောင်း၊ မိမိတို့နိုင်ငံ၌ ၁၉၈၈ ခုနှစ်တွင် မင်းမဲ့စရိုက်ဆန်သည့် လုပ်ဆောင်ခဲ့မှုများကြောင့် မြန်မာနိုင်ငံနှင့် နိုင်ငံသားများ၏ ဂုဏ်သိက္ခာကျဆင်းကာ ကမ္ဘာတွင် အရှက်ရစေခဲ့ပါကြောင်း၊ ယခုအခါ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ ဒုစရိုက်မှုအမျိုးမျိုးကို ကျူးလွန်ခြင်းများကို တွေ့မြင်နေကြရမည် ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ချောင်းဆုံမြို့နယ် မုဒ္ဒွန်းကျေးရွာရှိ အမှတ်တရပစ္စည်း လုပ်ငန်းအရောင်းဆိုင်ကို ကြည့်ရှုလေ့လာစဉ်။

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နိုင်ငံတော်အစိုးရက လမ်း၊ တံတား၊ အဆောက်အအုံ စသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့သော်လည်း မိမိတို့ဒေသရှိ ပြည်သူများ၏ မျက်နှာကို မထောက်ထားဘဲ အကြောင်းမဲ့ ဖျက်ဆီးတိုက်ခိုက်မှုများသည် လွန်စွာလွဲမှားသော လုပ်ရပ်ပင်ဖြစ်ကြောင်း၊ အားလုံးကို ခြုံကြည့်ပါက အဖျက်လုပ်ရပ်များ လုပ်ဆောင်ရာတွင် လွယ်ကူသော်လည်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ငွေကြေးအရင်းအနှီးများရော အချိန်ကာလများပါ ပေး၍ တည်ဆောက်ရမည် ဖြစ်သဖြင့် ဒေသခံ ပြည်သူများအတွက် လွန်စွာနစ်နာနိုင်သည်ကို သိမြင်ကြရန်လိုပါကြောင်း၊ ထို့ကြောင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက်ဒေသခံပြည်သူများက ဝိုင်းဝန်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန် ဖြစ်ပါကြောင်း။

ယနေ့အချိန်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားနေသော စစ်ပွဲများကို အကြောင်းပြု၍ မသမာသူများက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုကိုထိခိုက်ပျက်ပြားအောင်သတင်းအမှားများ ထုတ်လွှင့်သွေးခွဲနေကြပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေးနှင့် ပြည်သူလူထုထံ သတင်းမှန်များ မှန်ကန်စွာ စီးဆင်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေပါကြောင်း၊ ထို့နည်းတူ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍတွင် မီဒီယာ၏အခန်းကဏ္ဍကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချို့သောနိုင်ငံကြီးများသည် မီဒီယာနည်းလမ်းများကို အသုံးချ၍ မိမိတို့နိုင်ငံအား ဘက်ပေါင်းစုံမှ ဝေဖန်ပုတ်ခတ်တိုက်ခိုက်ကာ နိုင်ငံ၏ပုံရိပ်ကျဆင်းအောင် ဆောင်ရွက်နေကြသည်ကို အသိတရားဖြင့် ရှုမြင်သုံးသပ်ပေးကြစေလိုကြောင်း။

ယနေ့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် အနာဂတ်နိုင်ငံတော်၏ သားကောင်းများဖြစ်၍ မိမိတို့ တန်ဖိုးထားပါကြောင်း၊ နောင်တစ်ချိန်တွင် တိုင်းပြည်က အားကိုးအားထားပြုရသည့် ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြပါဟု အလေးထား ပြောကြားလိုပါကြောင်း၊ မကြာသေးခင်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အကြမ်းဖက်တိုက်ခိုက်မှု အညွှန်းကိန်း အစီရင်ခံစာ၌ မြန်မာနိုင်ငံကို အကြမ်းဖက်တိုက်ခိုက်မှုအများဆုံး ၁၀ နိုင်ငံစာရင်းတွင် ထည့်သွင်းဖော်ပြထားသည့်အတွက် မြန်မာနိုင်ငံကို ချစ်သည့်ပြည်သူများ၊ အကြမ်းဖက်မှု မလိုလားသည့် ပြည်သူများ၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးကို လိုလားသည့် ပြည်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ပေးကြပါဟု ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မွန်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများအတွက် DVB T 2 Set Top Box အလုံး ၆၀၀ ကို ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်အား လည်းကောင်း၊ မွန်ပြည်နယ် တပ်နယ်မိသားစုများအတွက်DVB T 2 Set Top Box အလုံး ၄၀၀ ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး စိုးမိုးကျော်အား လည်းကောင်း ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မော်လမြိုင်(ခရိုင်ရုံး)ကို လည်းကောင်း၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ လူထုအခြေပြုဗဟိုဌာန ဆောက်လုပ်မည့် မြေနေရာကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(မော်လမြိုင်)ကို လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောင်းဆုံမြို့နယ် မုဒ္ဒွန်းကျေးရွာရှိ ကျောက်သင်ပုန်းနှင့် အမှတ်တရပစ္စည်းလုပ်ငန်း အရောင်းဆိုင်ကို လည်းကောင်း၊ ရွာလွတ်ကျေးရွာရှိ ဆေးတံနှင့် သစ်သားပန်းပုလုပ်ငန်း အရောင်းဆိုင်များကို လည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း(MSME) များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရက ကူညီပံ့ပိုးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒလမြို့နယ် ညောင်ငုတ္တိုကျေးရွာ၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲ ကျင်းပ

**ဒလ ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ညောင်ငုတ္တိုကျေးရွာ၌ မိုးစပါးပန်းတိုင်အထွက်နှုန်း တစ်ဧကလျှင် တင်း ၁၀၀ အထက် ထွက်ရှိရေး စံပြစိုက်ကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ထို့နောက် တောင်သူ ဦးစိုင်းညီညီဇော်၏ လယ်မြေ ငါးဧက ပခန်းရွှေဝါ စံပြစိုက်ကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်ရာ မိုးစပါး တစ်ဧကလျှင် စပါးအမှန်အခြောက် ၁၀၈ ဒသမ ၆၇ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ခင်ပြုံး၊ တွံတေးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စွာမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်မောင်မောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်နိုင်မိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဆွေနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

**မြင့်ဇော်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃) ပထမနေ့၏ ပညာရှင်များ ဝိုင်းဖွဲ့ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား




နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ပထမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ပညာရှင်များ ဝိုင်းဖွဲ့ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်၍ ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ပြောကြား**

ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့် ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)သည် မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည့် ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ စုစုပေါင်း ကော်မတီ ၁၂ ရပ်ဖွဲ့စည်း၍ နှီးနှောဖလှယ်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ကျန်းမာရေးကဏ္ဍသည် အဓိကအရေးကြီးသော အခန်းကဏ္ဍဖြစ်ကြောင်း၊ ယခုကျင်းပသည့် နှီးနှောဖလှယ်ပွဲတွင် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေး ပညာရှင်များနှင့် တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ နီပေါနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ ပြင်သစ်နိုင်ငံ အစရှိသည့် နိုင်ငံများမှ ပြည်သူ့ကျန်းမာရေးပညာရှင် ၂၄ ဦးတို့က အတွေ့အကြုံကောင်းများ၊ အောင်မြင်မှုများ၊ နည်းလမ်းသစ်များကို မျှဝေသွားမည်ဖြစ်ကြောင်း၊ မိမိတို့၏ နေရာဒေသနှင့် လိုက်လျောညီထွေ ဖြစ်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု နည်းလမ်းကောင်းများကို ဖော်ထုတ်၍ နှီးနွှယ်ဆက်စပ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရှင်များ ဝိုင်းဖွဲ့ဆွေးနွေးသည့် အစီအစဉ်တွင် မျိုးဆက်ပွား၊ မိခင်နှင့်မွေးကင်းစကလေးသူငယ်၊ ပျို့ရွယ်သူနှင့် သက်ကြီးရွယ်အို ကျန်းမာရေး တိုးတက်မှုအတွက် အခြေခံအုတ်မြစ် တည်ဆောက်ခြင်း ခေါင်းစဉ်တွင် သဘာပတိများအဖြစ် ဒေါက်တာသိန်းသိန်းဌေး (ဒုတိယဝန်ကြီး - ငြိမ်း) ကျန်းမာရေးဝန်ကြီးဌာနနှင့် တွဲဖက်သဘာပတိ ဒေါက်တာမြင့်မြင့်သန်း (ညွှန်ကြားရေးမှူးချုပ်) ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ပြီး ထိုင်းနိုင်ငံမှ Dr. Kittipong Saejeng, Medical Doctor, Ministry of Public Health၊ မလေးရှားနိုင်ငံမှ Dr. Narimah Awun, Formerly Regional Advisor, WHO-SEARO၊ India နိုင်ငံမှ Dr. Rajejsh Mehta, Formerly Regional Advisor, WHO-SEARO၊ သီရိလင်္ကာနိုင်ငံမှ Dr. Anoma Basnayake, Public Health Specialist and International Consultant, WHO နှင့် တရုတ်နိုင်ငံမှ Dr. Jin Xu, Assistant Professor, Peking University၊ Professor Lokumeegodage DJU Senarath, University of Colombo တို့က တက်ရောက်ဆွေးနွေးကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ Dr. Chandra Mouli, Previously with Department of Sexual & Reproductive Health & Research က Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့သည်။

နံနက်ပိုင်းတွင် အခန်း(၁)၌ မိခင်နှင့်ကလေး ကျန်းမာရေးကဏ္ဍတွင် Saving lives of mothers and children: Synergistic approaches for sustaining Achievements and Accelerating Progress to RMNCAH related SDGs and go beyond SDGs ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ရာ သဘာပတိအဖြစ် ပါမောက္ခဒေါက်တာ ဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး - ငြိမ်း) ကျန်းမာရေး ဝန်ကြီးဌာနက ဆောင်ရွက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှပြည်သူ့ကျန်းမာရေး ပညာရှင် Dr. Huang Yangmu, Professor and Vice Director, Peking University၊ စင်ကာပူနိုင်ငံမှ Dr Chan Xuan Hao, Technical Advisor to CHAI and UNICEF (eLMIS)တို့နှင့် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေး ပညာရှင် ငါးဦးတို့ကလည်းကောင်း၊ အခန်း (၂) တွင် ပါမောက္ခဒေါက်တာနေဝင်း မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ Take actions: All hands for NCD prevention and control SDGs ခေါင်းစဉ်ဖြင့် ပါမောက္ခ/ဌာနမှူး (ဆေးပညာ) ဒေါက်တာကိုကို၊ ပါမောက္ခ/ဌာနမှူး(နှလုံးကုသမှု) ဒေါက်တာနွယ်နွယ်နှင့် ပြည်သူ့ကျန်းမာရေးပညာရှင် နှစ်ဦးက တက်ရောက် ဆွေးနွေးကြပြီး ရုရှားနိုင်ငံမှ Professor Ksenia Shelekhova, MD, PhD - head of pathology department Napalkobov Cancer center က Virtual စနစ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

အခန်း(၃)တွင် ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သဘာပတိအဖြစ် ဆောင်ရွက်သည့် သဘာဝ ဘေးအန္တရာယ်ကျရောက်စဉ်ကာလတွင် ကျန်းမာရေးကဏ္ဍဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ Good practice on health sector preparedness, response and recovery to disasters maintaining essential Public Health Services ခေါင်းစဉ်ဖြင့် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင် ငါးဦးက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အခန်း လေးခန်းခွဲ၍ အခန်း(၁)တွင် Digital Transformation in health information and health care ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမှုကို ဒေါ်အေးအေးစိန် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သဘာပတိအဖြစ် ဦးဆောင်ဆွေးနွေးခဲ့သည်။ အခန်း(၂) တွင် ပါမောက္ခ ဒေါက်တာနွဲ့နွဲ့ဦး (ညွှန်ကြားရေးမှူးချုပ် - ငြိမ်း) ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက သဘာပတိအဖြစ် ဆောင်ရွက်သည့် ဆွေးနွေးခန်းတွင် ပြည်သူ့ကျန်းမာရေးပညာရပ် သင်ကြားရေးနှင့်ပတ်သက်၍ Empowering Public Health Education: Essential for addressing 21st century community challenges through academic institutions ခေါင်းစဉ်ဖြင့် ပညာရှင် လေးဦးက ဟောပြောဆွေးနွေးခဲ့သည်။

အခန်း(၃)တွင် ဒေါက်တာမြတ်ဝဏ္ဏစိုး (ညွှန်ကြားရေးမှူးချုပ်) ကုသရေးဦးစီးဌာနက သဘာပတိအဖြစ် ဆောင်ရွက်သည့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်သည့် Achieving the SDG 3.3: Bringing innovations to communicable diseases control and elimination ခေါင်းစဉ်ဖြင့် Ms. Li Jiayin, Coordinator of Health Poverty Action, Myanmar၊ Mr. Roberto Garcia Saez, CEO, Sorbonne University နှင့် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေး ပညာရှင် သုံးဦးတို့က ဆွေးနွေးခဲ့ကြသည်။

အခန်း(၄)တွင် ဒေါက်တာတင်ထွန်း (ညွှန်ကြားရေးမှူးချုပ်) ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက သဘာပတိအဖြစ်ဆောင်ရွက်သည့် ပိုလီယို၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကင်းစင်ရေးနှင့်ပတ်သက်၍ Road map on Maintaining Polio-free status and achieving Measles and Rubella elimination ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေး ပညာရှင် ငါးဦးက ဆွေးနွေးခဲ့သည်။

နှီးနှောဖလှယ်ပွဲ ပထမနေ့တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ တရုတ်၊ ရုရှား၊ ဆွစ်ဇာလန် အစရှိသည့်နိုင်ငံများမှ ပြည်သူ့ကျန်းမာရေးပညာရှင် ၁၁ ဦးနှင့် ပြည်တွင်းမှပညာရှင် ၂၆ ဦးက စာတမ်း ၃၇ စောင် ဟောပြောဆွေးနွေးခဲ့ပြီး ပြခန်း ၄၀ တွင် ကျန်းမာရေး ဝန်ကြီးဌာနနှင့် နှီးနွှယ်ဌာနဆိုင်ရာ အသီးသီးမှ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ ဆောင်ရွက်ချက်များကို ပြသ၍ ပညာရပ်ဆိုင်ရာ စာတမ်း ပိုစတာ ၂၇ စောင် တင်သွင်းခဲ့ကာ ပြည်တွင်း၊ ပြည်ပမှ ပြည်သူ့ကျန်းမာရေးပညာရှင် ၁၈၀၀ ခန့် တက်ရောက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ အသိပညာ ဖလှယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျန်းမာသော မျိုးဆက်၊ တိုးတက်သော နိုင်ငံတော်

❖ နိုင်ငံခေတ်မီ၊ ဖွံ့ဖြိုးစည်ရန်
"ပြည်သူ" ရင်းမြစ် ကေန်ဖြစ်၏။

❖ ပြည်သူ သန်စွမ်း၊ ကျန်းမာလန်းမှ
ရည်မှန်းသမျှ ဆောင်နိုင်ကြလိမ့်။

❖ ယခုအခါ၊ ဤမြေမှာ နေ
ပြည်သူတွေကို၊ သက်ရှည်ကျန်းမာ
ရောဂါကင်းဝေး၊ ရှိစေရေးတွက်
မြော်တွေး ရှေးရှု၊ ဂရုပြုကာ
"ပြည်သူ့ကျန်းမာရေး"၊ အလေးပေးရင်း
အားပေးမြှင့်တင် နေသည်တကား။

❖ မမွေးဖွားမီ၊ မွေးဖွားသည်မှ
အိုသည့်ထိ ဆီ၊ ရွယ်ရည်ဆင့်ဆင့်
"ကုသသင့်သည်၊ ကာကွယ်သင့်သည်
တားဆီးသင့်သည်"၊ အလီလီကို
ကြည်သော အယူ၊ ဖြူသော နှလုံး
အပြုံးမျက်နှာ၊ စေတနာဖြင့်
နေရာ မျိုးစုံ၊ ဒေသ မျိုးစုံ
အခြေအနေ မျိုးစုံ၊ ခက်ခဲကြုံလည်း
မတုန် မလန့်၊ ပြည်အနှံ့ဝယ်
မတန့် မနား၊ စေရာသွားကာ
မနားမနေ၊ အားသစ်ဝေသည်
ဆွေရင်းပီသော သားချင်းများ။
ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ။

❖ သြော်..ပြည်၏အင်အား၊ပြည်သူများအတွက်
အသက်ရှည်ရာ၊ အနာမဲ့ကြောင်း
စိတ်ကောင်းရင်းခံ၊ ဆန္ဒမှန်ဖြင့်
ဖန်ဖန် ရွက်ထမ်း ၊ ဆက်ကြိုးပမ်းမည်
ကျန်းမာသောပြည်သူ၊ကျန်းမာသောမျိုးဆက်
တိုးတက်သော နိုင်ငံတော်၊ ထွန်းပေါ်စေရန်
ထက်သန် ယုံကြည် မျှော်လင့်လျက် ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

( ကျန်းမာရေးဝန်ထမ်းအားလုံးသို့ လေးစားဂုဏ်ပြုဖွဲ့ဆိုပါသည်။ )

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ် ၂၆ /၂၀၂၃ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
အမိန့်ကြော်ငြာစာအမှတ် ၂၆ /၂၀၂၃
**၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်**
**(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း (၁၃-၇-၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၃) ဖြင့် သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်း အစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင် သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၅။ ဤအမိန့်ကြော်ငြာစာအား လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူ ခြင်းခံရမည်။

(သန်းသန်းဆွေ)
ဥက္ကဋ္ဌ

## ပြည်တွင်းသုံးစွဲရန်လိုအပ်သောစက်သုံးဆီများ အလုံအလောက်ရှိကြောင်းနှင့် ကောလာဟလသတင်းများကြောင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူရန် မလိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

"သီလဝါဆိပ်ကမ်းဒေသကြီးရှိ Denko Terminal၊ Max Terminal၊ MMTM Terminal၊ Brighter Energy Terminal၊ PSW Terminal၊ Regency SPC Terminal များအပြင် သာကေတမြို့နယ်ရှိ PT Power Terminal နှင့် လှိုင်သာယာမြို့နယ်ရှိ Denko Terminal များမှ စက်သုံးဆီများအား ဆီသယ်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီသယ်ယာဉ် (Bowser)များဖြင့် နေ့ညမရွေး အဆက်မပြတ်ဖြည့်တင်း သယ်ယူပို့ဆောင် ဖြန့်ဖြူးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၃၃၉၁ ဆိုင်သို့ ဆီသယ်ယာဉ်(Bowser) ၁၇၂၉ စီးဖြင့် 92 Ron ဂါလန်(၉သိန်း၇သောင်းကျော်)၊ 95 Ron ဂါလန်(၂သိန်း၅သောင်းကျော်)၊ ဒီဇယ်ဆီ ဂါလန်(၆ သိန်း ၅ သောင်းကျော်)၊ ပရီမီယမ်ဒီဇယ်ဆီ(၈သိန်း၃သောင်းကျော်) အား ပို့ဆောင်ဖြန့်ဖြူးနိုင်ခဲ့ပြီး ယနေ့တွင်လည်း အဆိုပါ Terminal များမှ စက်သုံးဆီများအား ဆီတင်ယာဉ်များဖြင့် အဆက်မပြတ်ဖြည့်တင်း ပို့ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် ပြည်ပမှ ဆီတင်သင်္ဘော ၁၀ စင်းသည် ပင်လယ်ဝတွင်လည်းကောင်း၊ ဆီတင်သင်္ဘောသုံးစင်းသည် သီလဝါဆိပ်ကမ်းဒေသရှိ Jetty များတွင်လည်းကောင်း အသင့်စောင့်ဆိုင်းလျက်ရှိပြီး သက်ဆိုင်ရာ Terminal များသို့ အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

လက်ရှိအခြေအနေတွင် အများပြည်သူများအနေဖြင့် ကောလာဟလသတင်းများကြောင့် စက်သုံးဆီပြတ်လပ်မှုနှင့် ဈေးနှုန်းကြီးမြင့်လာမည်ကို စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ပြီး ပုံမှန်ပြည်တွင်းသုံးစွဲမှုပမာဏထက် ပိုမိုများပြားစွာဝယ်ယူနေကြသဖြင့် စက်သုံးဆီအရောင်းဆိုင်များ၏ ဖြည့်တင်းပေးနိုင်မှုစွမ်းအားနှင့်အညီ ပုံမှန်သုံးစွဲမှုပမာဏအတိုင်း စဉ်ဆက်မပြတ် စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ကြောင်းနှင့် မိမိတို့လိုအပ်သည်ထက် ပိုမိုဝယ်ယူရန် မလိုအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့နယ် ရွှေတွင်းတူး-ဒီပါရုံလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရွှေတွင်းတူး-ဒီပါရုံလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ပုသိမ်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းက ကွင်းဆင်းစစ်ဆေးခဲ့ရာ ပုသိမ်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ) စဟိန်းလင်းဇော်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းအပြီးသတ်ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

**လက်ဝယ်အရောက်လိုက်လံပို့ဆောင်**

ယနေ့တွင် စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

**ဆုတောင်းမေတ္တာစာလွှာများပါရှိ**

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြတဲ့ ပြည်ချစ်တပ်မတော်သားအားလုံး ကျန်းမာပါစေ၊ ဘေးရန်အပေါင်းကင်းဝေးပါစေ၊ အမိမြေရဲ့ ရန်စွယ်ဟူသမျှ အမြစ်ပါမကျန်တွန်းလှန်ချေမှုန်းနိုင်ပါစေ " စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးစစ်ကြောင်းကြီးငါးကြောင်း ကွင်းဆင်းတွေ့ဆုံပွဲကျင်းပ

**မှော်ဘီ ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး



လုပ်ငန်းများအတွက် ယနေ့နံနက် ၉ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် မှော်ဘီမြို့နယ် ပတ်တန်းကျေးရွာအုပ်စု တလိုင်းကုန်းကျေးရွာ ဘုန်းကြီးကျောင်း၌ မှော်ဘီမြို့နယ် အုပ်ချုပ်ရေးမှူး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ဒေသဖွံ့ဖြိုးရေးအတွက်တင်ပြထားသောလုပ်ငန်းများအား သက်ဆိုင်ရာဘဏ္ဍာနှစ်တွင် ထည့်သွင်းထားရှိကြောင်း၊ မိမိဒေသလိုအပ်ချက်များ တင်ပြကြရန်ဆွေးနွေးခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုးက စစ်ကြောင်းကြီးငါးကြောင်းတွင်ပါဝင်သော ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိတ်ဆက်ခြင်း၊ ကာကွယ်ရေးစစ်ကြောင်းမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်စုံကျော်က နယ်မြေလုံခြုံရေးနှင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်၊ ဒို့တာဝန်အရေးသုံးပါးကို မမေ့ရန် ပြောကြားခြင်း၊ ရဲမှူးမြင့်အောင်က ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ အသိပညာပေးဆွေးနွေးခြင်း၊ လူမှုရေးစစ်ကြောင်းမှ ဒေါက်တာစောမြထွန်းက ကိုဗစ်(၁၉)ရောဂါနှင့် နှာခေါင်းစည်းတပ်ရန်၊ ဆေးထိုးပြီးခြောက်လပြည့်တိုင်း ပြန်လည်ထိုးရန် မှာကြားခြင်း၊ ဒေသဖွံ့ဖြိုးရေးစစ်ကြောင်းမှ မြို့နယ်ဦးစီးမှူး ဦးတင်စိုးက ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းပြောကြားခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကဦးစီးဌာနအလိုက်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များ၊ သိရှိမေးမြန်းလိုသည်များ မေးမြန်းနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးရွာသူ ကျေးရွာသားများ၏ ဒေသအတွင်းဖွံ့ဖြိုးရေးတင်ပြချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးဖြေကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က မိမိတို့တင်ပြသည့်အချက်အလက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဝင်းဇော်(မှော်ဘီ)**

# စိတ်ဝင်စားဖွယ် စီးပွားရေးသတင်းတွေ ......

**ခင်သန်းမြင့်**

**အခုတစ်လော နိုင်ငံပိုင်သတင်းစာတွေမှာ စီးပွားရေးသတင်းတွေ အတော်များများ ဖော်ပြလာတာတွေ့ရတယ်။ အထူးသဖြင့် နိုင်ငံတော်က လက်ရှိအားပေးနေတဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) သတင်းဆောင်းပါး၊ အင်တာဗျူးတွေ၊ ဒေသထွက်ကုန်သတင်းတွေအပါအဝင် ပြည်တွင်း၊ ပြည်ပ စီးပွားရေးသတင်းတွေအစုံအလင်ပါပဲ။ စိတ်ဝင်စားဖို့ကောင်းသလို ဗဟုသုတလည်းရတယ်။**

အရင်ကတော့ အများနည်းတူ ကျွန်မလည်း စီးပွားရေးသတင်းတွေဆို နိုင်ငံရေး၊ စစ်ရေး သတင်းတွေလောက် ခံတွင်းသိပ်မတွေ့လှဘူး။ ဗီယက်နမ်စစ်ပွဲ၊ အီရန်-အီရတ်စစ်ပွဲ၊ ဖော့ကလန်စစ်ပွဲစတဲ့ စစ်ရေးသတင်းတွေ၊ အမေရိကန်သမ္မတ ရွေးကောက်ပွဲသတင်းတွေ အပါအဝင် စစ်ရေး၊ နိုင်ငံရေးသတင်းတွေပဲ မလွတ်တမ်း လေ့လာဖတ်ရှုဖြစ်ခဲ့တယ်။ ကျွန်မတို့ ငယ်ငယ်ကတော့ အခုလို သတင်းအချက်အလက် နည်းပညာတွေမဖွံ့ဖြိုး၊ မတိုးတက်သေးတော့ သတင်းစာတွေ၊ ဂျာနယ်တွေပဲ အားထားဖတ်ရှုရတာပေါ့။

## ကမ္ဘာကြီးကို လက်ဖဝါးပေါ်တင်ပြီး ကြည့်ရှုလေ့လာနိုင်

သတင်းအချက်အလက်နဲ့ နည်းပညာတွေ တိုးတက်လာတဲ့ လက်ရှိခေတ်ကာလကြီးမှာ တော့ လက်ကိုင်ဖုန်းထဲကတစ်ဆင့် ကမ္ဘာကြီးကို လက်ဖဝါးပေါ်တင်ပြီး ကြည့်ရှုလေ့လာနိုင်ပါပြီ။ ဒါပေမဲ့ နိုင်ငံရေး၊ စစ်ရေးသတင်းတွေကို လေ့လာ ကြည့်ရှုရတာ အရင်လို အာသာငမ်းငမ်းမရှိတော့ ပါဘူး။ လက်ရှိ ဂါဇာစစ်ပွဲဆိုရင် ဟားမတ်စ်တို့ရဲ့ အစ္စရေးနိုင်ငံတောင်ပိုင်းကို စတင်ကျူးကျော် ဝင်ရောက်တိုက်ခိုက်မှုတွေ၊ အစ္စရေးရဲ့လက်တုံ့ပြန် အပြင်းအထန် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ ပါလက်စတိုင်း ကလေး၊ လူကြီးမကျန် ထိခိုက် သေဆုံးခဲ့ရမှုတွေ၊ စစ်ရဲ့နောက်ဆက်တွဲဆင့်ကဲ ဒုက္ခမျိုးစုံ ခံစားနေရမှုတွေ စတဲ့ အနိဋ္ဌာရုံသတင်း တွေကို ဖတ်ရ၊ ကြည့်ရတာ စိတ်မချမ်းမြေ့လှဘူး။ အသက်အရွယ်က စကားပြောလာတယ်ထင်ပါရဲ့။ မင်္ဂလာရှိတဲ့သတင်းတွေ၊ မင်္ဂလာရှိတဲ့မြင်ကွင်းတွေ ကိုပဲ မြင်ချင်ကြားချင်ပါတော့တယ်။

အခုရက်ပိုင်းမှာ အစ္စရေးနဲ့ ဟားမတ်စ်တို့ ရက်ပိုင်း အပစ်အခတ်ရပ်စဲရေးကာလအတွင်း နှစ်ဖက်ဓားစာခံတွေ အပြန်အလှန်လဲလှယ်နေကြတဲ့ သတင်းတွေဖတ်ရတော့ ဝမ်းသာကြည်နူးရတယ်။ ဒီကြားထဲ အစ္စရေးကလည်း မြေပြင်ထိုးစစ် စတင် ဝင်မယ်တကဲကဲဖြစ်နေပြန်တော့ ဘယ်အချိန် ပြန်ချကြမလဲဆိုပြီး စိတ်ပူရတယ်။ ပြောလို့မှမဆုံး သေးဘူး၊ အခုရက်ပိုင်းမှာပဲ အစ္စရေးရဲ့တစ်ကျော့ပြန် တိုက်ခိုက်မှုတွေ ပြန်စလာပြန်ပါပြီ။ စစချင်းရက်မှာ ပဲ ပါလက်စတိုင်းအရပ်သားတွေ ရာနဲ့ချီ သေဆုံးကြ ရပြန်ပြီ။ အများစုကတော့ အမျိုးသမီးနဲ့ ကလေး သူငယ်တွေပါပဲ။

> **✻ ရေခံမြေခံ အခြေခံကောင်းမွန်တဲ့ မြန်မာနိုင်ငံဟာ ကြိုးစားရင် ကြိုးစား သလောက် ခရီးပေါက်နိုင်မယ့် အခွင့်အလမ်းကောင်းတွေ အများကြီးရှိလျက် သားနဲ့ နှစ်ပေါင်း ၇၀ ကျော်ကြာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေကြောင့် အခွင့်အလမ်းကောင်းတွေကို ယခုတိုင် လက်လွှတ်ဆုံးရှုံးနေရဆဲပါ။ မြန်မာ တွေ စီးပွားရေးကို စိတ်ပါဝင်စားဖို့လိုပါပြီ**
>
> **✻ ရေမြေတောတောင် သဘာဝရာသီဥတုချင်းတူညီတဲ့ ဒေသတွင်းနိုင်ငံချင်း အတူတူ ကျွန်မတို့လည်း ထုတ်လုပ်မှု၊ တင်ပို့မှု အချိုးအစားတွေ ဒီထက်မက တိုးတက်လာဖို့ အများကြီး ကြိုးစားကြရဦးမယ်**

မြန်မာနိုင်ငံမှာလည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) အပါအဝင် ဒေသအချို့မှာ လူမျိုးစွဲ၊ ဒေသစွဲနဲ့ တစ်တောတစ်ကြက်ဖ စစ်ဘုရင်ဝါဒကို ကိုင်စွဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းအချို့ရဲ့ တိုက်ကွက်ဖော်မှုကြောင့် တိုက်ပွဲ တွေက အခုထိ မစဲနိုင်သေးပါဘူး။ တိုက်ပွဲတွေ အတောမသတ်နိုင်လေလေ ဒေသခံပြည်သူတို့ရဲ့ အသက်၊ အိုးအိမ်စည်းစိမ်တွေ၊ နိုင်ငံပိုင်လမ်းတံတား အဆောက်အအုံတွေ ပျက်စီးဆုံးရှုံးလေလေပါပဲ။

စစ်ရဲ့အနိဋ္ဌာရုံတွေကို ကိုယ်တိုင်ကိုယ်ကျ မခံစားဖူးတဲ့သူတွေ၊ ကိုယ်ချင်းစာတရား နည်းပါး ကင်းမဲ့တဲ့သူတွေအဖို့ကတော့ နကမ္ဘတိ မတုန်မလှုပ် နေနိုင်အားကြပေမယ့် ကုန်စည်စီးဆင်းမှုအနှောင့် အယှက်၊ အတားအဆီးတွေကြောင့် နောက်ဆက်တွဲ ပေါ်ပေါက်လာမယ့် စီးပွားရေးကျပ်တည်းမှုတွေ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကိုတော့ အချိန်ကြာလာ တာနဲ့အမျှ အားလုံးရင်ဆိုင်ကြုံတွေ့ကြရမှာပါ။

## စီးပွားရေးကို စိတ်ပါဝင်စားဖို့လို

ရေခံမြေခံ အခြေခံကောင်းမွန်တဲ့ မြန်မာနိုင်ငံ ဟာ ကြိုးစားရင် ကြိုးစားသလောက် ခရီးပေါက်နိုင် မယ့် အခွင့်အလမ်းကောင်းတွေ အများကြီးရှိလျက် သားနဲ့ နှစ်ပေါင်း ၇၀ ကျော်ကြာ ပြည်တွင်းလက်နက် ကိုင်ပဋိပက္ခတွေကြောင့် အခွင့်အလမ်းကောင်းတွေ ကို ယခုတိုင် လက်လွှတ်ဆုံးရှုံးနေရဆဲပါ။ မြန်မာတွေ စီးပွားရေးကို စိတ်ပါဝင်စားဖို့လိုပါပြီ။ ယခု ရက်ပိုင်းအတွင်းက နိုင်ငံပိုင်သတင်းစာနှစ်စောင် မှာ တစ်ရက်တည်းဖော်ပြခဲ့တဲ့ စီးပွားရေးဆိုင်ရာ သတင်းနှစ်ပုဒ်ဆို ကျွန်မဖြင့်ဖတ်ပြီး စဉ်းစားဆင်ခြင် စရာဖြစ်ရတယ်။

နိုဝင်ဘာ ၂၉ ရက်စွဲနဲ့ မြန်မာ့အလင်းက ဖော်ပြတဲ့ နိုင်ငံခြားသတင်းမှာ ဗီယက်နမ်ဟာ ကမ္ဘာ့ဒုတိယအကြီးဆုံး ပုစွန်တင်ပို့တဲ့နိုင်ငံဖြစ်လာ ပြီး ယခုနှစ် ပထမ ၁၀ လ အတွင်း ပုစွန်တင်ပို့ရာမှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံ ရရှိတယ်လို့ဖတ်ရတယ်။ ၂၀၁၀-၂၀၂၃ ခုနှစ်ကာလ အတွင်း ရေငန်ပုစွန်မွေးမြူရေးဧရိယာ ၆၄၄၀၀၀ မှ ၇၃၇၀၀၀ ဟက်တာအထိ ရှိလာပြီး ဗီယက်နမ် နိုင်ငံရဲ့ အကြီးမားဆုံး ပုစွန်တင်ပို့တဲ့ ဈေးကွက် ငါးခုက ဥရောပ၊ အမေရိကန်၊ ဂျပန်၊ တရုတ်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ ဖြစ်တယ်လို့ဆိုတယ်။

တစ်ရက်တည်းမှာပဲ ကြေးမုံသတင်းစာမှာ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိတဲ့ ပနားမီး ပုစွန်ဖြူကို တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံကို အများဆုံး တင်ပို့လျက်ရှိတယ်ဆိုတာကို ဖတ်ရပြန်တယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ပနားမီးပုစွန်ဖြူမွေးမြူ တာ ငါးနှစ်ကျော်ပဲရှိသေးပြီး အမြတ်အစွန်းကြီး သလို ရင်းနှီးမှုလည်းကြီးတယ်။ မြန်မာ့ပုစွန်ဖြူက အရည်အသွေးကောင်းတဲ့အတွက် ပြည်ပနိုင်ငံတွေ က နှစ်ခြိုက်မှုရှိပြီး လက်ရှိမှာ တရုတ်နဲ့ ဂျပန်နိုင်ငံက အများဆုံး ဝယ်ယူနေတယ်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း၊ မြိတ်၊ ထားဝယ်ခရိုင်ရှိ ကျွန်းစု၊ ပုလော၊ ရေဖြူမြို့နယ် တွေက ရေငန်ပုစွန်မွေးမြူဧက ၁၈၂၇ ဒသမ ၄၄ ဧကမှာ ပုစွန်မွေးမြူရေးကန်ပေါင်း ၂၀၉ ကန်နဲ့ လေးလခန့် တစ်ကြိမ် မွေးမြူထုတ်လုပ်လျက်ရှိ တယ်လို့ဆိုပါတယ်။ ကုမ္ပဏီတစ်ခုလျှင် ရေငန်ပုစွန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ သန်းနဲ့အထက် ရရှိနေတဲ့အတွက် မွေးမြူရေးကုမ္ပဏီတွေ တိုးပွား လာရင် ပြည်ပပို့ကုန်ဝင်ငွေ တိုးမြင့်ရရှိလာမယ်လို့ လည်းဆိုပါတယ်။

ရေမြေတောတောင် သဘာဝရာသီဥတုချင်း တူညီတဲ့ ဒေသတွင်းနိုင်ငံချင်းအတူတူ ကျွန်မတို့ လည်း ထုတ်လုပ်မှု၊ တင်ပို့မှု အချိုးအစားတွေ ဒီထက်မက တိုးတက်လာဖို့အများကြီး ကြိုးစားကြရ ဦးမယ်။

## ခရီးသွားဝင်ရောက်မှု ယခုထက် ပိုမိုတိုးတက်မယ်လို့ မျှော်မှန်း

တစ်ခါ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး လာမယ့်နှစ်ဆန်းပိုင်းမှာ မြန်မာနိုင်ငံကို ပြည်ပ ခရီးသွားဝင်ရောက်မှု ယခုထက် ပိုမိုတိုးတက်မယ် လို့ မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌရဲ့ မျှော်လင့်ချက်ကို လည်း ဖတ်လိုက်ရတယ်။

"ပြည်ပခရီးသွားတွေ မူလခန့်မှန်းထားတာထက် အများကြီးကျဆင်းသွားတာမျိုးတော့ မဟုတ်ပေ မယ့် အားရစရာကောင်းလောက်တဲ့ ကိန်းဂဏန်းမျိုး မဟုတ်ဘူး။ ဒါပေမဲ့ ထိုးကျသွားတာမျိုးမဟုတ် တဲ့အတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနဲ့ မတ်လတွေမှာ ထပ်ပြီးမျှော်လင့်နိုင်သေးတယ်။ အလားအလာအားဖြင့် မဆိုးဘူး၊ ကောင်းတယ်လို့ ပြောလို့ရတယ်"ဆိုတဲ့ ဥက္ကဋ္ဌရဲ့ သုံးသပ်ချက်ကို လည်းတွေ့ရတယ်။

တစ်ဆက်တည်းမှာပဲ အိမ်နီးချင်း လာအိုနိုင်ငံ က လာအိုခရီးသွားနှစ် ၂၀၂၄ အတွက် ခရီးသွား လုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှုကို ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်ပိုင်းက စတင်ပြုလုပ်ခဲ့တဲ့ သတင်း တစ်ပုဒ်ဖတ်လိုက်ရပြန်တယ်။ ဒီလှုပ်ရှားမှုက လာအိုနိုင်ငံမှာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ That Luang ပွဲတော်နဲ့လည်း တိုက်ဆိုင်နေပြီး လှုပ်ရှားမှု ၇၉ ခု ပါဝင်မယ်လို့ဆိုတယ်။ တစ်နှစ်တာ လာအိုခရီးသွား နှစ်ရဲ့ဆောင်ပုဒ်က "လာအိုယဉ်ကျေးမှု သဘာဝနှင့် သမိုင်းတို့၏ သုခဘုံ"ရယ်လို့ တင်စားထားပြီး လာဘ်ကောင်အဖြစ် ဆင်ကို ရွေးချယ်ထားတယ် လို့ သိရတယ်။

လာအိုခရီးသွားနှစ် ၂၀၂၄ ကို နိုင်ငံရဲ့ခရီးသွား လုပ်ငန်းကဏ္ဍမှာ ကုန်ပစ္စည်းအသစ်တွေနဲ့ ဝန်ဆောင်မှုတွေဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ် ထားတဲ့အပြင် လာအိုအစိုးရက နိုင်ငံတကာနဲ့ လာအိုခရီးသွား ၄ ဒသမ ၆ သန်းထက်မနည်းကို ဆွဲဆောင်သွားဖို့နဲ့ ၎င်းတို့ထံက ဝင်ငွေအမေရိကန် ဒေါ်လာ ၇၁၂ သန်းရရှိဖို့ မျှော်လင့်ထားတယ်တဲ့။ လာအိုနိုင်ငံကို ယခုနှစ် ပထမကိုးလအတွင်းမှာ နိုင်ငံတကာခရီးသွား ၂ ဒသမ ၄ သန်း ဝင်ရောက်ခဲ့တဲ့ အတွက် ယမန်နှစ် အလားတူကာလနဲ့နှိုင်းယှဉ်ရင် ၂၈၅ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့လည်း ဆိုတယ်။

ကျွန်မဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားဆိုင်ရာ သတင်းနှစ်ပုဒ်ကို နှိုင်းယှဉ်ဖတ်ရှုရင်း တစ်ခေတ် တစ်ခါက Visit Myanmar Year 1996 ဆိုတဲ့ ၁၉၉၆ ခုနှစ်က မြန်မာခရီးသွားနှစ်ကို ပြန်ပြောင်းအမှတ် ရမိတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာ့ခရီးသွားနှစ် အတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လိုဂို ဆိုင်းဘုတ်တွေမှာ အမြဲတွေ့မြင်နေကျ လာဘ်ကောင်ဖြစ်တဲ့ ဖိုးဝရုပ်ကလေးကိုလည်း သတိရမိတယ်။

## အိမ်သာမှ ညှော်လာ

တကယ်တော့ ခရီးသွားလုပ်ငန်းဆိုတာ ကလည်း သဘာဝရှုမျှော်ခင်းတွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေ ပေါကြွယ်ဝရုံနဲ့ မပြီးပါဘူး။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာ ရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့နဲ့လည်း ဆက်စပ် နေပါတယ်။ အိမ်သာမှ ညှော်လာမှာပေါ့။ မြန်မာ နိုင်ငံက မီးခိုးမထွက်တဲ့ စက်ရုံကြီး အင်နဲ့အားနဲ့ အဆက်မပြတ် လည်ပတ်နိုင်ဖို့ဆိုတာ တစ်ဦး တစ်ယောက်၊ တစ်ဖွဲ့တစ်သင်းနဲ့ လုပ်ယူလို့မရပါ ဘူး။ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ခရီးသွားလုပ်ငန်းကတစ်ဆင့် ဖြစ်တည်လာတဲ့ ဝန်ဆောင်မှု၊ ရောင်းဝယ်ဖောက်ကားမှုအပါအဝင် ဆက်စပ်လုပ်ငန်းတွေက ရရှိလာမယ့် အသီးအပွင့် တွေကလည်း ဒေသခံပြည်သူတွေအားလုံး မျှဝေ ခံစားကြရမှာ မဟုတ်လား။ စီးပွားရေးအသိအမြင် ဗဟုသုတတွေတိုးပွားဖို့ စီးပွားရေးသတင်းတွေ လည်း ဖတ်ကြပါဦး။ ။

> **✻ ခရီးသွားလုပ်ငန်းဆိုတာကလည်း သဘာဝရှုမျှော်ခင်းတွေ၊ ယဉ်ကျေးမှုအမွေ အနှစ်တွေ ပေါကြွယ်ဝရုံနဲ့ မပြီးပါဘူး။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့နဲ့လည်း ဆက်စပ်နေပါ တယ်။ အိမ်သာမှ ညှော်လာမှာပေါ့။ မြန်မာနိုင်ငံက မီးခိုးမထွက်တဲ့စက်ရုံကြီး အင်နဲ့အားနဲ့ အဆက်မပြတ် လည်ပတ်နိုင်ဖို့ဆိုတာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်းနဲ့ လုပ်ယူလို့မရပါဘူး။ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ခရီးသွားလုပ်ငန်းကတစ်ဆင့် ဖြစ်တည်လာတဲ့ ဝန်ဆောင်မှု၊ ရောင်းဝယ် ဖောက်ကားမှုအပါအဝင် ဆက်စပ်လုပ်ငန်းတွေက ရရှိလာမယ့် အသီးအပွင့် တွေကလည်း ဒေသခံပြည်သူတွေအားလုံး မျှဝေခံစားကြရမှာ မဟုတ်လား**







# ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ပြောင်းဆန်များ သိမ်းဆည်းရမိခဲ့မှုအပေါ် ဂုဏ်ပြုချီးမြှင့်

ပဲခူး ဒီဇင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ပြောင်းဆန်များသိမ်းဆည်းရမိခဲ့မှုအပေါ် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးမြို့နှင့် ဘုရားကြီးမြို့တို့သည် နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်နေသော လမ်းကြောင်းများဖြစ်သည့် မြဝတီ-ဘားအံ-ရန်ကုန်လမ်းကြောင်း၊ မူဆယ်-လားရှိုး-မန္တလေး-ရန်ကုန်လမ်းကြောင်းတို့ဖြင့် ကုန်သွယ်မှုပြုရာတွင် အဓိကကျသည့် လမ်းဆုံမြို့ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ရရှိစေရန်၊ ဥပဒေဘောင်အတွင်းမှ ကုန်သွယ်မှု ဆောင်ရွက်သူများအတွက် ဈေးကွက်ယှဉ်ပြိုင်မှု မျှတမှုရှိစေရန် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များဖွဲ့စည်းပြီး တရားမဝင်တင်သွင်း/တင်ပို့မှုများကို ရှာဖွေဖော်ထုတ်စစ်ဆေးအရေးယူရန် တာဝန်ပေးအပ်ခဲ့ကြောင်း၊ တာဝန်ပေးအပ်ခြင်းခံရသည့် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့အနေဖြင့်




ထိုင်းနိုင်ငံသို့ တရားမဝင်တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် သယ်ဆောင်လာခဲ့သော ပြောင်းဆန် ၂၃၀၈၅ အိတ် တန်ဖိုးငွေကျပ် ၈၁၇၂၂၃၁၀ အား သိမ်းဆည်းရမိခဲ့သည့်အတွက် တရားမဝင်တင်ပို့သည့် ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များကို ဥပဒေနှင့်အညီ အမှုဖွင့်တရားစွဲဆို ဆောင်ရွက်နိုင်ခဲ့သလို အင်တိုက်အားတိုက် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့သည့် ဝန်ထမ်းများကိုလည်း ချီးကျူးဂုဏ်ပြုကြောင်း ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌနှင့် ဖမ်းဆီးရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ တိုင်းဒေသကြီး ဥပဒေချုပ်တို့က ဖမ်းဆီးရေးတွင်ပါဝင်ဆောင်ရွက်ခဲ့သည့် ဌာနဆိုင်ရာများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဦးဆောင်လမ်းညွှန်မှု၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၆၆၄၀ ကျော်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုဝင်ဘာလကုန်အထိ ငွေကျပ် ၅၄၂၃ သန်းကျော် ဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မွန်ပြည်နယ်ဝန်ကြီးချုပ် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

မော်လမြိုင် ဒီဇင်ဘာ ၆

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီမှ ဖွင့်လှစ်သည့် ဒုတိယအကြိမ် အခြေခံ ကွန်ပျူတာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (မော်လမြိုင်ခရိုင်ရုံး) ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ယူတတ်မြောက်သည့် ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အရည်အချင်း ပြည့်ဝပြီး နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အားထားရသော ကျွမ်းကျင်လုပ်သားများ ဖြစ်စေလိုပါကြောင်း၊ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များရရှိအောင် ကြိုးစားစေလိုပါကြောင်း အမှာစကား ပြောကြားသည်။




ထို့နောက် မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဒေါ်တိုးတိုးချစ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အခြေခံကွန်ပျူတာ သင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် ဒီဇင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပညာရေးဒီဂရီကောလိပ်(ပထမနှစ်)နှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်း ကြိုဆိုပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၆

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန သင်္ကန်းကျွန်း ပညာရေးဒီဂရီကောလိပ် ပညာရေးဒီဂရီကောလိပ် (ပထမနှစ်)နှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT အမှတ်စဉ် (၁၀/၂၀၂၃) ကြိုဆိုပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက အဆိုပါကောလိပ် ပညာနေခြည်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်းက အဖွင့်အမှာစကား ပြောကြားပြီး သင်္ကန်းကျွန်း ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က ဆရာ ဆရာမများ၏ ခံယူရမည့် ခံယူချက်နည်းနာများကို အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းများကို ပညာရေးဒီဂရီကောလိပ်(ပထမနှစ်)တွင် ၁၁၄ ဦး၊ လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်းတွင် ၄၀ နှင့် ယခုပညာသင်နှစ်အတွက် စုစုပေါင်းအတန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူ ၅၁၉ ဦးတို့က တက်ရောက်ပညာသင်ကြားကြမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# AA သောင်းကျန်းသူအဖွဲ့မှ မနော်သီရိရွာကို မီးရှို့ခိုင်းထားသော AA သောင်းကျန်းသူအမာခံ မောင်ထွန်းကျော်လင်းနှင့် ဦးဦးဘထွန်းတို့၏ ထွက်ဆိုချက်များ

နေပြည်တော် ဒီဇင်ဘာ ၆

ရခိုင်ပြည်နယ် ပေါက်တောမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသည် မိုခါမုန်တိုင်း တိုက်ခိုက်ခံရပြီးနောက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ တပ်မတော်သားများနှင့် ဌာနဆိုင်ရာများ၏ စုပေါင်းညီညာစွာပူးပေါင်းဆောင်ရွက်မှုများကြောင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထိုသို့ တည်ငြိမ်အေးချမ်းပြီး စည်ကားလျက်ရှိသော ပေါက်တောမြို့နယ်အတွင်း ယခုအခါ AA သောင်းကျန်းသူများက တိုက်ပွဲများဖော်ဆောင်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ ပေါက်တောမြို့နှင့် အနီးဝန်းကျင်မှကျေးရွာများသို့ ဝင်ရောက် တပ်စွဲကာ လူနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ဈေးဆိုင်များကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင် AA သောင်းကျန်းသူများသည် အမာခံများမွေးမြူကာ တိုက်ပွဲများကြောင့် လူနေထိုင်ခြင်းမရှိသော ကျေးရွာများကို ဝင်ရောက်မီးရှို့ခြင်းများ ပြုလုပ်စေပြီး တပ်မတော်မှ မြို့/ရွာများကို ဝင်ရောက်ဖျက်ဆီးမီးရှို့သည်ဟု မဟုတ်မမှန် ဝါဒဖြန့်ချိမှုများ လုပ်ဆောင်ခဲ့သည်။ AA သောင်းကျန်းသူများ၏ မြို့/ရွာများကို ဖျက်ဆီးမီးရှို့ခြင်းများ လုပ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ ဖမ်းဆီးရမိသော AA သောင်းကျန်းသူအမာခံ ပေါက်တောမြို့နယ် မနော်သီရိရွာသားနှစ်ဦး၏ ပြောဆိုချက်များကို ယခုလိုပဲ ကြားသိရပါတယ်-

**မောင်ထွန်းကျော်လင်း၏ ထွက်ဆိုချက်**

ကျွန်တော်ကတော့ ပေါက်တောမြို့နယ် မနော်သီရိကျေးရွာက မောင်ထွန်းကျော်လင်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ပေါက်တောမြို့မှာ စစ်ဖြစ်ပါတယ်။ စစ်ဖြစ်ပြီးတော့ ကျွန်တော်တို့ရွာမှာလည်း AA တွေ အဝင်/ အထွက်ရှိပါတယ်။ အဝင်/ အထွက်ရှိလို့ ရွာသားတွေက ရွာမှာစစ်ဖြစ်မှာကြောက်လို့ ထွက်ပြေးသွားကြပါတယ်။ ကျွန်တော်နဲ့ ဦးဦးဘထွန်းကိုတော့ AA က စစ်တပ်ရောက်လာရင် သတင်းပို့ဖို့စောင့်ခိုင်းထားပါတယ်။ AA အဖွဲ့က ရွာရဲ့အရှေ့ဘက် ဘုရားကုန်းမှာ ၁၀ ယောက်လောက်ရှိတယ်လို့ပြောပါတယ်။ ရွာထိပ်မှာလည်း မိုင်းထောင်ထားတယ်လို့ ပြောပါတယ်။ စစ်တပ်ကလူဝင်လာရင် စစ်တပ်က ရွာကို မီးရှို့သွားသလိုဖြစ်အောင် ကျွန်တော်တို့ကို ရွာကိုမီးရှို့ပြီး ထွက်ပြေးခိုင်းထားပါတယ်။ ပေါက်တောဘက်မှာလည်း ကျေးရွာသားတွေကို မီးရှို့ခိုင်းပြီး စစ်တပ်ကမီးရှို့တယ်လို့ ပြောခိုင်းခဲ့ပါတယ်။ စစ်တပ်ကရောက်လာတဲ့အချိန်မှာတော့ AA ကခိုင်းထားတဲ့အတိုင်း ဦးဦးဘထွန်းနဲ့ ကျွန်တော်နဲ့ ရွာကို မီးရှို့နေပါတယ်။ မီးရှို့နေတဲ့အချိန်မှာတော့ စစ်တပ်ကတွေ့လို့ နှစ်ယောက် စလုံး အဖမ်းခံခဲ့ရပါတယ်။



မောင်ထွန်းကျော်လင်း



ဦးဦးဘထွန်း

**ဦးဦးဘထွန်း၏ ထွက်ဆိုချက်**

ပေါက်တောမြို့နယ်မနော်သီရိရွာက ဦးဦးဘထွန်းပါ။ ပေါက်တောမှာ နှစ်ပတ်လောက်က တိုက်ပွဲဖြစ်ပါတယ် AA နဲ့ စစ်တပ်နဲ့။ အဲဒီအခါ AA က မနော်သီရိရွာကို ရောက်ပါတယ်။ ရွာသားတွေက တိုက်ပွဲဖြစ်လိမ့်မယ် စိုးရိမ်လို့ ထွက်ပြေးသွားပါတယ်။ မောင်ထွန်းကျော်လင်းနှင့် ကျွန်တော်နဲ့ကို စစ်တပ်မြင်ရင် သတင်းပို့ဖို့ ရွာကိုဝင်တဲ့အခါ မီးတိုက်ဖို့ စစ်တပ်က မီးတိုက်တယ်လို့ အထင်လွဲအောင်ပြောဖို့ ကျွန်တော်တို့ကို ခိုင်းထားပါတယ်။ အဲဒီနေ့မှာ စစ်တပ်က ရွာကိုရောက်လာပါတယ်။ AA က မီးတိုက်ဖို့ခိုင်းပါတယ်။ မီးတိုက်နေတုန်းအချိန်မှာ စစ်တပ်က ကျွန်တော်တို့ကို ဖမ်းသွားပါတယ်။

သတင်းစဉ်

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၆၈ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၇၇ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၀၃၀၊ အမျိုးသမီး ၁၂၃၀ စုစုပေါင်း ၁၁၂၆၀ တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေကျင်မြို့နယ်မှ ဒေသခံပြည်သူ နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ဟု သတင်းအတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၆

ကရင်ပြည်နယ် ရွှေကျင်မြို့နယ် မယ်ဝေါခီးကျေးရွာမှ ဒေသခံပြည်သူ နှစ်ဦးအား ဒီဇင်ဘာ ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့သည်ဟု လူမှုကွန်ရက်စာမျက်နှာများပေါ်၌ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




**လုံခြုံရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားမှုမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံတစ်ဦးတို့ကို ဆက်သွယ်မေးမြန်းချက်များအရ ဒီဇင်ဘာ ၃ ရက်တွင် အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားမှုမရှိကြောင်း၊ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များသာ ရံဖန်ရံခါ ဝင်ရောက်၍ ဆက်ကြေးကောက်ခံခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ၎င်းတို့၏ တောင်းဆိုမှုများ ရရှိခြင်းမရှိပါက အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လေ့ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများ အနေဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် မြေပြင်ဖြစ်စဉ်သတင်းမှန်များကို ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ပြည်သူများကို သတင်းအဆိပ်ခတ် ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ယင်းမာပင်မြို့နယ် သံဘိုကျေးရွာအတွင်းသို့ တပ်မတော်မှ ပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိဟု မဟုတ်မမှန် ဝါဒဖြန့်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆

စစ်ကိုင်းတိုင်း ဒေသကြီး ယင်းမာပင်မြို့နယ် သံဘိုကျေးရွာအတွင်းသို့ ဒီဇင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲခန့်တွင် တပ်မတော်မှ ပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ကြောင်းနှင့် ဒေသခံပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လူမှုကွန်ရက် စာမျက်နှာများတွင် ဝါဒဖြန့် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ခဲ့ရာ အဆိုပါ နယ်မြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်မေးမြန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းမာပင်မြို့နယ်အတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန်များကို နေ့ညမပျက် ထမ်းဆောင်လျက်ရှိသော်လည်း ဒီဇင်ဘာ ၅ ရက် ညနေပိုင်းတွင် အဆိုပါကျေးရွာအနီးဝန်းကျင်၌ မည်သည့်တိုက်ပွဲမျှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှု တစ်စုံတစ်ရာ ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက် သမားများအနေဖြင့် ကျေးရွာများအနီးတွင် ခိုအောင်းနေထိုင်ကြပြီး နယ်မြေအတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်အတွက် ကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် အဝေးမှ နှောင့်ယှက်ပစ်ခတ်ခြင်းတို့ကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုများကြောင့် ဒေသခံအချို့သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် PDF အမည်ခံ အကြမ်းဖက် သမားများ၏ ရက်စက်ယုတ်မာသော လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သလို မဟုတ်မမှန် သတင်းများကို ဝါဒဖြန့်ရေးသားဖြန့်ဝေကာ ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရေး ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်သတင်းဌာနများ၏ သတင်းများအပေါ် မှတ်ချက်ရေး၊ မျှဝေခြင်း ပြုလုပ်ပါက အရေးယူမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရမှ ယနေ့ထုတ်ပြန်သည်ဟု သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာတွင် တရားမဝင်ပြည်ဖျက်မီဒီယာ The Irrawaddy က မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆

ရခိုင်ပြည်နယ်အခြေစိုက် သတင်းဌာနများက ရေးသားဖော်ပြနေသည့် သတင်းများအပေါ် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မှတ်ချက်ရေးသားခြင်း၊ မျှဝေခြင်း၊ တစ်ဆင့်ပြန်လည်ကူးယူဖော်ပြခြင်းများ ပြုလုပ်သူများကို ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရက ဒီဇင်ဘာ ၅ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် The Irrawaddy သတင်းဌာနက လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံသို့ ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းကို ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အစိုးရ၏ လုပ်ငန်းယန္တရားလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ပြည်သူလူထုကို အထင်အမြင်လွဲမှားစေပြီး အထိတ်တလန့်ဖြစ်စေရန်အတွက် အခြေအမြစ်မရှိ လုပ်ကြံဖန်တီးရေးသားထားသည့် သတင်းအတု၊ သတင်းအမှားသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတွင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံမှုရှိစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှု အခြေအနေများ၊ ၆-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့နိုင်ငံအနေနဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေး၊ လုံခြုံမှုရှိစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ ဒီနေ့မှာတော့ နယ်စပ်ဒေသမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ အမျိုးသား ၆၈ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၇၇ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံလွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်း ၁၁၂၆၀ ဦးဖြစ်ပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားချင်ပါတယ်။

ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ နန့်ခမ်းမှာထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ လောက်ကိုင်ရဲ့တောင်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ ခမ်းပါတ်၊ ခမ်းပါတ်ကတော့ ယခင်ကလည်း သတင်းထုတ်ပြန်ခဲ့တဲ့အထဲမှာ ပါပါတယ်။ အဲဒီမှာရှိနေတဲ့ အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ ခမ်းပါတ်မြို့ကို ထိန်းချုပ်နိုင်ပြီဆိုတဲ့ဟာမျိုးပြောခဲ့တာရှိပါတယ်။ ခမ်းပါတ်မှာတော့ တပ်မတော်အနေနဲ့ လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ရန်သူ့ဘက်က အလောင်းလက်နက်ရရှိမှုများ ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ နန်းဘူးမှာထိတွေ့တိုက်ပွဲအနည်းငယ်ရှိပါတယ်။ တပ်မတော်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့ အကြမ်းဖက်သောင်းကျန်းသူများ ဆောင်ရွက်နေတဲ့ အကြမ်းဖက်လုပ်ရပ်များကို အမြန်ဆုံးရပ်တန့်စေရေး၊ အကြမ်းဖက် လုပ်ရပ်များနဲ့ပတ်သက်ပြီး အမြန်ဆုံးချုပ်ငြိမ်းစေရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

မနေ့က ဗဟိုဘဏ်ကထုတ်ပြန်လိုက်တဲ့ နိုင်ငံခြားငွေ၊ သုံးငွေရောင်းဝယ်ဖောက်ကားတဲ့လုပ်ငန်း AD လိုင်စင်ရဘဏ်များမှာ အရောင်းအဝယ် ပြုလုပ်ရာမှာ ငွေလဲလှယ်နှုန်းကို ယခင်ကလို ဗဟိုဘဏ်က သတ်မှတ်မှာမဟုတ်ဘဲနဲ့ ဈေးကွက်အတွင်းမှာ နိုင်ငံခြားငွေရောင်းချလိုသူနဲ့ ဝယ်ယူလိုသူတွေရဲ့ငွေလဲလှယ်နှုန်းအပေါ် မူတည်ပြီး Market Rate အတိုင်းဆောင်ရွက်မယ်ဆိုတဲ့ ထုတ်ပြန်ကြေညာချက်ရှိပါတယ်။ ဒီထုတ်ပြန်ကြေညာချက်နဲ့ ပတ်သက်ပြီးပဲ ဖြစ်ဖြစ်၊ ဆီကိစ္စတွေနဲ့ပတ်သက်ပြီးပဲဖြစ်ဖြစ် မီဒီယာများက မေးမြန်းလာတာ




တွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ယခင်တုန်းကလည်း ဖြေလျှော့တဲ့အချိန်တိုင်း အချိန်တိုင်းမှာပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အခုအချိန်မှာ ဖြေလျှော့မှုက နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းက ပြောကြားခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၊ ပြီးရင် Cabinet နိုင်ငံတော်အစိုးရရဲ့အစည်းအဝေးတွေမှာ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ Export သမားတွေနဲ့ပတ်သက်တဲ့ဟာတွေ၊ နိုင်ငံတော်ရဲ့ ထုတ်ကုန်တိုးမြှင့်ရေးနဲ့ ပတ်သက်တဲ့ဟာတွေ ပြောကြားခဲ့ပြီးဖြစ်တယ်။ Export သမားတွေနဲ့ပတ်သက်ပြီး သူတို့ရဲ့ကြိုးစားမှု၊ သူတို့ရဲ့ လုပ်ဆောင်ပေးမှုအပေါ်မူတည်ပြီး ကျွန်တော်တို့အနေနဲ့ အကျိုးခံစားခွင့်ရရှိအောင်လုပ်ဆောင်တယ်ဆိုတာမျိုး ပြောကြားခဲ့တာ ရှိပါတယ်။ ဒီနေ့မှာလည်း ပို့ကုန်တင်ပို့သူများရဲ့ ပို့ကုန်တင်ပို့ခြင်းမှရရှိတဲ့ ပို့ကုန်ရငွေရဲ့ ယခင်တုန်းက စစချင်းမှာတော့ ၃၅/၆၅ ရာခိုင်နှုန်းပေါ့။ ပြီးတော့ ၅၀/၅၀ ရာခိုင်နှုန်းသတ်မှတ်လိုက်တယ်။ ဒီနေ့မှာတော့ ပို့ကုန်တင်ပို့ခြင်းမှရရှိတဲ့ ပို့ကုန်ရငွေပမာဏရဲ့ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ညွှန်ကြားထားတဲ့အတိုင်း မြန်မာကျပ်ငွေနဲ့ လဲလှယ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ရက်ပိုင်းကတည်းကတိုင် နိုင်ငံတော်ဝန်ကြီးချုပ်ပြောခဲ့တဲ့အတိုင်း ထပ်မံပြီးဖြေလျှော့ပေးတာဖြစ်ပါတယ်။ အဲဒီမှာ ဖြေလျှော့မှုနှစ်ခုလုပ်ခဲ့ပါတယ်။ ဖြေလျှော့မှုနှစ်ခုကတော့ မနေ့က ထုတ်ပြန်ခဲ့တဲ့ AD လိုင်စင်ရဘဏ်များရဲ့ နိုင်ငံခြားငွေနဲ့ ပတ်သက်ပြီးတော့ ရောင်းလိုသူ/ဝယ်လိုသူတွေရဲ့ တင်သွင်းတဲ့ ငွေလဲလှယ်နှုန်းပေါ်မှာမူတည်ပြီး လွတ်လပ်စွာ ဆောင်ရွက်နိုင်ဖို့ ထုတ်ပြန်ခဲ့တယ်။ ဒီနေ့မှာတော့ ပို့ကုန်တင်ပို့သူများအတွက် ပို့ကုန်ရငွေရဲ့ပမာဏ ယခင်တုန်းက ၅၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ညွှန်ကြားတဲ့ မြန်မာကျပ်ငွေနဲ့လဲရပြီး အခု ၃၅ ရာခိုင်နှုန်းသာလဲရမှာဖြစ်ပါတယ်။ ကျန်ရာခိုင်နှုန်းကို လွတ်လပ်စွာဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မီဒီယာကလည်းမေးပါတယ်။ ဒါတွေဟာ ဘာကြောင့်လုပ်တာလဲ။ နံပါတ်တစ်က လုပ်ရတဲ့အကြောင်းကတော့ ဖြေလျှော့ခြင်းဖြစ်ပါတယ်။ နံပါတ်နှစ်ကတော့ ကျွန်တော်တို့နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကုန်ထုတ်လုပ်မှုကို နံပါတ်တစ်အားပေးရမယ်။ နံပါတ်နှစ်က ပို့ကုန်ပမာဏ ပိုပြီးမြင့်တက်လာရမယ်။ ပို့ကုန်ပမာဏ ပိုပြီးမြင့်တက်လာဖို့ ပြီးရင် ထုတ်ကုန်ပစ္စည်းများ ပို့ကုန်တင်ပို့နိုင်ဖို့အတွက် နိုင်ငံအတွင်းမှာရှိတဲ့ ထုတ်ကုန်ပစ္စည်းများကို မြှင့်တင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့ အခြေအနေမှာတော့ ဘယ်နေရာတွေမှာ အကျိုးသက်ရောက်သလဲဆိုရင် Import ကိစ္စတွေမှာ အကျိုးသက်ရောက်မှုအနည်းငယ်ရှိပါလိမ့်မယ်။ အထင်ရှားဆုံးပြောရလျှင် စက်သုံးဆီကဏ္ဍမှာ အကျိုးသက်ရောက်မှုရှိပါလိမ့်မယ်။ ဒီအကျိုးသက်ရောက်မှုဟာ ခဏတာပဲဖြစ်ပါလိမ့်မယ်။ စက်သုံးဆီနဲ့ ပတ်သက်ပြီး စက်သုံးဆီတင်သွင်းရမယ့်လိုအပ်တဲ့ပမာဏ ကျွန်တော်တို့နိုင်ငံမှာ တင်သွင်းဖို့အတွက် အသင့် ရှိပါတယ်။ တင်သွင်းဖို့အတွက် ရောက်ရှိနေတဲ့ သင်္ဘောများလည်းရှိပြီးဖြစ်ပါတယ်။ သို့သော် ဒီမူဝါဒအပြောင်းအလဲကို ဆောင်ရွက်တဲ့အချိန်မှာတော့ ခုနကပြောတဲ့ Export ပို့တဲ့လူတွေကနေပြန်ဝင်လာမယ့် ငွေတွေ၊ ပြီးရင် ပြည်ပထွက်တဲ့အလုပ်သမားတွေဆီကပြန်ဝင်လာမယ့်ငွေတွေ၊ တရားမဝင် ဟွန်ဒီလုပ်ငန်းတွေဆောင်ရွက်ထားတဲ့ငွေများသည် incentive ရှိတဲ့အတွက်ကြောင့် အကျိုးခံစားခွင့်ရှိတဲ့အတွက် ပိုမိုဝင်ရောက်လာမှာဖြစ်ပါတယ်။ ပိုမိုဝင်ရောက်လာတာနဲ့အမျှ ဈေးကွက်လည်းသူ့အလိုလိုထိန်းညှိပြီးဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ သတင်းကောင်းပါးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

■

## ဟိုပုံးမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

ဟိုပုံး ဒီဇင်ဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ဒုံမေးခိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းခမ်းခြူးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းခမ်းခြူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ဒုံမေးခိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများနှင့် အပြန်အလှန်မေးခွန်းများ မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက ကြည့်ရှုခဲ့ကြပြီး (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## မြဝတီမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

မြဝတီ ဒီဇင်ဘာ ၆

ကရင်ပြည်နယ် မြဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း (ဝါးတော)၌ ကျင်းပသည်။

ဦးစွာအခြေခံပညာအထက်တန်းကျောင်း(ဝါးတော)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးသက်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် ဆေးလိပ်အန္တရာယ် တို့ကာကွယ်၊ လူငယ်နှင့် မြူခိုးမြူငွေ့၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ အလွဲသုံးမှုသတိပြု၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြကာ တာဝန်ရှိသူများက အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ဗဟုသုတဖြစ်ဖွယ် နံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပန်းတောင်းမြို့နယ်၌ သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ၏ သာဓုကီဠန အန္တိမအဂ္ဂိဈာပနပူဇာအခမ်းအနား ကျင်းပ

**ပန်းတောင်း ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ သက်တော်(၉၀)နှစ် သိက္ခာတော် (၇၀)ဝါ၏ သာဓုကီဠန အန္တိမအဂ္ဂိဈာပနပူဇာအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းနှင့် ဆရာတော်၏ ရုပ်ကလာပ်တော်အား အဂ္ဂိဈာပနပူဇော်ရန် ပြုလုပ်ထားရာနေရာတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှပေးပို့သော သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကိုဖတ်ကြားခြင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော ဝမ်းနည်းကြောင်းသဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းဦးက ဖတ်ကြားခြင်း၊ ကရင်စုကျောင်းဆရာတော် ဘဒ္ဒန္တဓောတိကက “ပစ္ဆိမဝန္ဒနာ” ကန်တော့လွှာကို ရွတ်ဖတ်ပူဇော်ခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော သံဃာတော်အရှင်သူမြတ်များအား ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းဦး၊ ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်လှိုင်တင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရ၊ ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား မီးပူဇော်ရန်အတွက် အဆိုပါကျောင်းတိုက်မှတစ်ဆင့် လောင်တိုက်အတွင်းသို့ အစီအစဉ်အတိုင်း ပင့်ဆောင်သယ်ယူခဲ့ကြပြီး အနိစ္စာဝတ သင်္ခါရာစသော ဂါထာတော် သုံးကြိမ်ရွတ်ဆို၍ အဂ္ဂိဈာပနအစီအစဉ် ပြီးဆုံးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**



# “ ဟာသမြို့တော် ” ရယ်စရာတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ဟာသမြို့တော်” ရယ်စရာတစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD CHANNEL မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် “လေ့လာရေး” ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန် ၊ ကောင်းဆက်၊ အကယ်ဒမီအောင်ခိုင်၊ ဦးရာကျော်၊ ဦးတိမ်ညွန့်၊ မတူး၊ ကြယ်စင်လင်းနှင့် ဟာသပညာရှင်များစွာတို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV-HD CHANNEL မှ ဒီဇင်ဘာ ၉ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၃ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# ကျောက်ဖြူမြို့နယ်၌ သီးနှံ့အာမခံအစီအစဉ် စတင်ဆောင်ရွက်

**ကျောက်ဖြူ ဒီဇင်ဘာ ၆**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် ရာသီဥတုအညွှန်းကိန်း သီးနှံ့အာမခံအစီအစဉ်ကို ရော၀တီတိုင်းဒေသကြီး ကျောက်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ယနေ့နံနက်က ဆောင်ရွက်သည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီး တာဝန်ခံ ဒေါ်ခင်ထွေးမေနှင့် တိုင်းဒေသကြီးမန်နေဂျာ ဦးအေးသိန်းတို့က သီးနှံ့အာမခံအစီအစဉ် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ တောင်သူများနှင့် ရှင်းရှင်းနီးနီး တွေ့ဆုံကာ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကျောက်ဖြူမြို့နယ် ငါးအိုက်ကွင်း ကျေးရွာအုပ်စုမှ တောင်သူ ၈၀ တို့က ၎င်းတို့၏ လယ်ဧက ၅၉၄ ဧကအတွက် သီးနှံ့အာမခံပရီမီယံကြေးများ စုပေါင်းပေးသွင်းကြသည်။



အဆိုပါရာသီဥတုအညွှန်းကိန်း သီးနှံ့အာမခံအစီအစဉ်ကို ဒီဇင်ဘာလမှစ၍ ရော၀တီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပဲမျိုးစုံနှင့်နေကြာစိုက်ပျိုးသည့် တောင်သူများအတွက် လယ်ယာမြေတစ်ဧကလျှင် အာမခံ ပရီမီယံကြေး ၁၀၀၀ ကျပ် ပေးဆောင်ရမည်ဖြစ်ပြီး သတ်မှတ်မိုးရေချိန်ထက် ကျော်လွန်ရွာသွန်းပါက အာမခံလျော်ကြေးအဖြစ် လယ်ယာမြေတစ်ဧကတွင် အများဆုံးသီးနှံ့ အာမခံလျော်ကြေး ကျပ်တစ်သိန်းအထိ ခံစားခွင့်ရရှိနိုင်သည့် တောင်သူများကို အကာအကွယ်ပေးသည့် ကောင်းမွန်သော အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zwe Arkar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်နေ ဇွဲအာကာ(ခ) သားချိုအား နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “San Thidar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၅) ရပ်ကွက်နေ စန်းသီတာအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ “ Khin Hnin WaiWai” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ခင်နှင်းဝေအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဆက်လက်ဖော်ထုတ် အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို တိုက်ဖျက်ရေး အီရန်နှင့်ရုရှား ပူးပေါင်းဆောင်ရွက်



မော်စကို ဒီဇင်ဘာ ၆

အီရန်နှင့်ရုရှားနိုင်ငံတို့သည် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို လက်တွဲတိုက်ဖျက်ရေးအတွက် ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြောင်း အိုင်နာသတင်းအေဂျင်စီက ပြောကြားသည်။

ကက်စပီယန်ဒေသငါးနိုင်ငံမှ ဝန်ကြီးများအစည်းအဝေးတွင် ၎င်းပူးတွဲကြေညာချက်အား အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အမ်မာအဒိုလာဟင်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလဗ်ရော့စ်တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ကက်စပီယန်ဒေသငါးနိုင်ငံတွင် အဇာဘိုင်ဂျန်၊ အီရန်၊ ကာဇက်စတန်၊ ရုရှားနှင့် တာ့ခ်မင်နစ္စတန်နိုင်ငံတို့ ပါဝင်သည်။ ယခုဆောင်ရွက်ချက်သည် အမေရိကန်၏ တရားမဝင်သည့် အရေးယူပိတ်ဆို့မှုများကို တိုက်ဖျက်ရေးအတွက် အရေးကြီးသည့် ခြေလှမ်းဖြစ်ပြီး အီရန်နှင့် ရုရှားဆက်ဆံရေးကိုလည်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း ၎င်းတို့က အသီးသီးပြောကြားသည်။

အီရန်နှင့်ရုရှားနိုင်ငံတို့သည် အမေရိကန်၏ပိတ်ဆို့အရေးယူမှုများကို တိုက်ဖျက်ရေးအတွက် စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ဂါဇာဒေသတွင် ပါလက်စတိုင်းဒေသခံ သေဆုံးသူ ၁၅၈၉၉ ဦးအထိ ရှိလာ

ဂါဇာ ဒီဇင်ဘာ ၆

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးက အောက်တိုဘာ ၇ ရက်ကတည်းက တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းဒေသခံ သေဆုံးသူ ၁၅၈၉၉ ဦးအထိ ရှိလာခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်တောင်ဘက် ခန်ယူနစ်ဒေသတွင် ဒဏ်ရာရသူအရေအတွက် ၄၂၀၀၀ ကျော်အထိ ရှိလာပြီး သေဆုံးဒဏ်ရာရရှိသူ အရေအတွက်၏ ၇၀ ရာခိုင်နှုန်းမှာ ကလေးငယ်များနှင့် အမျိုးသမီးများဖြစ်ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အက်ရှ်ရက်ဖ်အယ်လ်ကီဒရာက ပြောကြားခဲ့သည်။

အစ္စရေးသည် ဂါဇာဒေသ၏ ကျန်းမာရေးဌာန ၅၆ ခုကို ဖျက်ဆီးခဲ့ပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်း ၃၅ ဦးကို ဖမ်းဆီးခဲ့ခြင်းကြောင့် ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးစနစ် ပျက်စီးခဲ့ရကြောင်း အက်ရှ်ရက်ဖ်အယ်လ်ကီဒရာက ထပ်လောင်း ပြောကြားခဲ့သည်။

ထို့ပြင် အက်ရှ် ရက်ဖ်အယ်လ်ကီဒရာသည် ဆေးရုံများ၊ ကျန်းမာရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များကို ကာကွယ်ရန်နှင့် ဆေးဝါးနှင့် လောင်စာဆီများ ဝင်ရောက်မှုနှင့် ဒဏ်ရာရရှိသူများ၏ ထွက်ပေါက်များအတွက် ဘေးကင်းသောလမ်းကြောင်းများ ဖော်ဆောင်ပေးနိုင်ရေး ကုလသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား တောင်းဆိုခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံ၏ မြို့များကို ဟားမတ်စ်အဖွဲ့က မကြုံစဖူး တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးကလည်း ဟားမတ်စ်အား ကြီးမားသောတန်ပြန်တိုက်ခိုက်မှုများကို ဆင်နွှဲခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# ရုပ်ကြွင်းလောင်စာမှ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏ ယမန်နှစ်ထက် ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာ

ဒူဘိုင်း ဒီဇင်ဘာ ၆

ရုပ်ကြွင်းလောင်စာမှ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏသည် ယမန်နှစ်ထက် ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း Global Carbon Project မှ သုတေသီများက ခန့်မှန်းပြောကြားသည်။

သုတေသီများ သည် ဒူဘိုင်းမြို့တော်တွင် ကျင်းပသော COP28 ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် ဒီဇင်ဘာ ၅ ရက်က အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါအဖွဲ့တွင် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှ သုတေသီများ ပါဝင်သည်။

လက်ရှိတွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများ ဆက်လက်မြင့်တက်မည်ဆိုပါက ပျမ်းမျှကမ္ဘာ့အပူချိန် မြင့်တက်လာမှုသည် ခုနစ်နှစ်အတွင်း ပါရီသဘောတူညီချက်၏ သတ်မှတ်ချက်ဘောင်ကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ ချိုးဖောက်နိုင်ခြေ ၅၀ ရာခိုင်နှုန်း ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကျောက်မီးသွေးနှင့် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို မီးရှို့ခြင်းဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု တန်ချိန် ၃၆ ဒသမ ၈ ဘီလီယံခန့် ထုတ်လွှတ်ခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

ကျောက်မီးသွေး ဓာတ်ငွေ့ထုတ်လွှတ်မှုသည် စုစုပေါင်း၏ ၄၁ ရာခိုင်နှုန်းအထိ ရှိလာပြီး ယမန်နှစ်ကထက် ၁ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၂၀၂၂ ခုနှစ်မှစပြီး လျော့ကျသွားခဲ့သော်လည်း အိန္ဒိယနိုင်ငံတွင် ၈ ဒသမ ၂ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံတွင် ၄ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

COP28 ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် ဥရောပသမဂ္ဂနှင့် ကျွန်းနိုင်ငံများက ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကို ရပ်တန့်ရန် တောင်းဆိုနေကြသော်လည်း အချို့သောနိုင်ငံများက ပြင်းထန်စွာ ကန့်ကွက်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ကိုရီးယားသမ္မတနိုင်ငံသို့ မြန်မာလုပ်သား ၈၂၀၀ ကျော် စေလွှတ်

ရန်ကုန် ဒီဇင်ဘာ ၆

ကိုရီးယားသမ္မတနိုင်ငံသို့EPS စနစ်ဖြင့် ယခုနှစ် ၁၁ လတာ ကာလအတွင်း မြန်မာလုပ်သား ၈၂၀၀ ကျော်စေလွှတ်ခဲ့ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ(POEA)မှ သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မြန်မာလုပ်သား ဦးရေ ၈၂၃၉ ဦးစေလွှတ်ခဲ့သည့်အနက် ကုန်ထုတ်လုပ်သား ဦးရေ ၇၀၀၀ ဖြင့် အများဆုံးပါဝင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်သားများ၊ ဆောက်လုပ်ရေးလုပ်သားများ၊ Re-entry လုပ်သားများ အစရှိသဖြင့် ပါဝင်ကြောင်း သိရသည်။

လက်ရှိတွင် ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ EPS စနစ်ဖြင့်သာ မြန်မာလုပ်သားများကို စေလွှတ်နေကြောင်း သိရသည်။

ထို့အပြင် ကိုရီးယားသမ္မတနိုင်ငံရှိ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် မြန်မာအလုပ်သမားများအား ကျွမ်းကျင်ဂဟေလုပ်သားများအဖြစ် E-7-3 ဗီဇာဖြင့် စေလွှတ်ဆောင်ရွက်လျက်ရှိရာတွင် Hyundai MIPO Dockyard တွင် လုပ်ကိုင်မည့် မြန်မာဂဟေလုပ်သား ၃၅ ဦးကို ဒီဇင်ဘာ ၅ ရက်တွင် ထပ်မံစေလွှတ်ခဲ့ကြောင်း သိရသည်။

ကိုရီးယားသမ္မတနိုင်ငံမှ ၂၀၂၃ ခုနှစ်အတွင်း မြန်မာလုပ်သားခေါ်ယူမှုများပြားခဲ့ကြောင်းလည်း သိရသည်။

MT

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၇၀ | ၂၅၄၅ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၆၀၀ | ၂၆၀၀ | ၂၈၃၀ | ၂၉၅၀ |
| 95 Ron | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၆၉၅ | ၂၆၇၅ | ၂၇၇၀ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၂၅ | ၂၇၃၀ | ၂၉၆၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၂၆၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၄ | ၂၄၇၅ |
| 95 Ron | ၂၅၁၈ | ၂၆၀၂ |
| HSD (500 ppm) | ၂၁၀၂ | ၂၁၇၃ |
| HSD (50 ppm) | ၂၁၉၃ | ၂၂၆၇ |
| HSD (10 ppm) | ၂၁၉၆ | ၂၂၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားခရီးသွား ၁ ဒသမ ၀၂ သန်းရှိခဲ့ပြီး တရုတ်မှအများဆုံးဖြစ်

ရန်ကုန် ဒီဇင်ဘာ ၆

၂၀၂၃ ခုနှစ် ၁၀လတာကာလအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ၁၀၂၅၅၀၃ ဦး ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏စာရင်းများအရ သိရသည်။

ယခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလကုန်အထိ စာရင်းများအရ တရုတ်နိုင်ငံမှ ခရီးသွားဝင်ရောက်မှုအများဆုံးရှိခဲ့ပြီး ထိုင်းနိုင်ငံမှ ဒုတိယအများဆုံးနှင့် ကိုရီးယားနိုင်ငံမှ တတိယအများဆုံးဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

ခရီးသွားအများစုမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်ရှိ အထင်ကရနေရာများသို့ လည်ပတ်မှုများပြားခဲ့သည်။

"မြန်မာနိုင်ငံကိုလာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသည်တွေထဲမှာ တရုတ်ဆိုရင် Business နဲ့လာတာများတဲ့အတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးလည်ပတ်မှုများတယ်။ ထိုင်းကတော့ ကျိုက်ထီးရိုးစေတီတော်ကြီး၊ ရန်ကုန်၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးတွေက အထင်ကရနေရာတွေကို လည်ပတ်မှုများတာတွေ့ရတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနအနေဖြင့် ခရီးသွားဝင်ရောက်မှုပိုမိုများပြားလာစေရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရီးစဉ်အသစ်ဖော်ထုတ်မှု၊ မူလရှိရင်းစွဲခရီးစဉ်ဒေသများ၌ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ၎င်းက ပြောသည်။

MT

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေး ဈေးနှုန်းများ

**စစ်ကိုင်း ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စိုက်ပျိုးတောင်သူများ ဝယ်ယူအသုံးပြုလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒီဇင်ဘာလ ပထမပတ်တွင် ဖြစ်ပေါ်ခဲ့သော ဓာတ်မြေဩဇာ ဈေးနှုန်းများမှာ အာမို ၁၀:၁၀:၅ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ရွှေကောမတ် ၂၀:၁၂:၁၂ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ယူရီးယား(ရွှေတောင်) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ တီစူပါ ၄၆ ရာခိုင်နှုန်း သံကွင်း (တရုတ်) တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ပန်းဖူး(သစ်) (တရုတ်) တစ်အိတ်လျှင် ကျပ် ၈၇၀၀၀၊ မြားကမ္ဘာ (တရုတ်) တစ်အိတ်လျှင် ကျပ် ၇၇၀၀၀၊ ပုလဲ(ရွှေတောင်) တစ်အိတ်လျှင် ကျပ် ၈၂၀၀၀၊ တီစူပါ တစ်အိတ်လျှင် ကျပ် ၇၄၀၀၀၊ နိုက်ထိုဖော စကာ (ဩဘာ) တစ်အိတ်လျှင် ကျပ်၁၆၀၀၀၀၊ ပန်းဖူး (မြန်မာ့ဩဘာ) တစ်အိတ်လျှင် ကျပ် ၇၂၀၀၀၊ အာမို ၁၅:၁၅:၁၅ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ သံဂွန်း ၁၅:၁၅:၁၅ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ကျွဲနက် ၁၅:၁၅:၁၅ တစ်အိတ်လျှင် ကျပ် ၁၅၄၀၀၀၊ MC (ကွန်ပေါင်း) တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ဓာမဏီ (ကွန်ပေါင်း) တစ်အိတ်လျှင် ကျပ် ၇၁၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ရှိခဲ့ပြီး ပိုးသတ်ဆေးဈေးနှုန်းများမှာ စတား(အာမို) (100CC) တစ်ဘူးလျှင် ကျပ် ၅၅၀၀၊ လန်ဒါ (ဝိစာရ) (500CC) တစ်ဘူးလျှင် ကျပ် ၁၇၅၀၀၊ ဘက်တား (100CC) တစ်ထုပ်လျှင် ကျပ် ၂၁၅၀၀၊ ဆန်နာဂျီ (100CC) တစ်ထုပ်လျှင် ကျပ် ၁၈၀၀၀၊ ရွှေတောနစ် (မြင်းကြား) (500CC) တစ်ဘူးလျှင် ကျပ် ၁၂၀၀၀၊ မိုရယ်မုန် (500CC) တစ်ဘူးလျှင် ကျပ် ၂၅၅၀၀၊ ဖို့စတင်း (ဩဘာ) (1 Liter) တစ်ဘူးလျှင် ကျပ် ၃၄၅၀၀၊ ဒါနာဒင် (ဩဘာ) (1 Liter) တစ်ဘူးလျှင် ကျပ် ၅၁၀၀၀၊ အစီဖိတ် (ဩဘာ) (500 g) တစ်ဘူးလျှင် ကျပ် ၂၅၀၀၀၊ ရွှေစိုက်ပါ (1 Liter) တစ်ဘူးလျှင် ကျပ် ၂၈၀၀၀၊ အီမာ (1 Liter)တစ်ဘူးလျှင် ကျပ် ၃၄၀၀၀၊ သန်းဒါး (10 CC) တစ်ဘူး လျှင် ကျပ် ၁၈၀၀၊ ဒိုဇာ (10g) တစ်ဘူးလျှင် ကျပ် ၂၀၀၀၊ ထိသေစားသေ (1 Liter) တစ်ဘူးလျှင် ကျပ် ၁၃၃၀၀၊ ပင်လုံးပြန့် (1 Liter) တစ်ဘူးလျှင် ကျပ် ၂၉၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**မြဝတီ ဒီဇင်ဘာ ၆**

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန် ပစ္စည်းများဖြစ်သည့် ငရုတ်၊ ဂေါ်ဖီ၊ ကြက်သွန်နီ၊ မတ်ပဲ၊ ချင်းခြောက်၊ ပြောင်းမှုန့်၊ နနွင်းတက်၊ မန်ကျည်းသီး (အစေ့ပါ)၊ ငါးဖမ်းပိုက်၊ ပုလင်းကွဲ၊ တောထန်းမြစ်ခြောက်၊ ရေထွက်ပစ္စည်းများဖြစ်သော ငါးကြင်းဆီဖောင်းခြောက်၊ ကဏန်း၊ ပုစွန်၊ ငါးကြိတ်သား၊ ငါးပါးလျှပ်၊ ငါးမြွေထိုး၊ ကျောက်ငါး၊ ငါးသင်ဖြူး၊ ငါးခွေးလျှာ၊ တွင်းထွက်ပစ္စည်းများ ဖြစ်သော ခဲ/သတ္တုများနှင့် CMP ပစ္စည်းများကို တင်ပို့ခဲ့သည်။



သွင်းကုန်ပစ္စည်းတင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်ယန္တရားများ၊ ဓာတ်မြေဩဇာ၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်း၊ CMP ၊ ဆေးဝါးများ၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အိမ်သုတ်ဆေး၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများနှင့် ငါးဖမ်းပစ္စည်းများကို တင်သွင်းခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် သုည ဒသမ ၃၈၃ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၄ ဒသမ ၀၇၈ အမေရိကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၄ ဒသမ ၄၆၁ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**တာချီလိတ် ဒီဇင်ဘာ ၆**

တာချီလိတ် ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၁ ရက် မှ ၅ ရက်အထိ ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၉၁ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၉၇ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

**တင်ပို့နိုင်**

ပို့ကုန်တင်ပို့မှုအနေဖြင့် ထောပတ်သီး ၈၃ တန်၊ စက္ကူဖြတ်စ ၃၄ တန်နှင့် ပလတ်စတစ်ဖြတ်စ တန် ၁၀ တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် ကွန်ကရစ်အမိုးပြားများ၊ မျက်နှာကြက်ပြားများ၊ မီးခံအုတ်များ၊ ကြွေပြားများ၊ ဘိလပ်မြေများ၊ တာယာများ၊ ပလတ်စတစ်ခြင်းများ၊ ဖိနပ်များ၊ ပလတ်စတစ်ဖျာများနှင့် ပလတ်စတစ်ဘူးခွံများ တင်သွင်းခဲ့သည်။

# မကွေးကုန်စည်ဒိုင်၏ သီးနှံမျိုးစုံဈေးနှုန်းများနှင့် အရောင်းအဝယ်ဖြစ်မှု

**မကွေး ဒီဇင်ဘာ ၆**



မကွေးတိုင်းဒေသကြီး မကွေးကုန်စည်ဒိုင်နှင့် ပွဲရုံများ၌ သီးနှံမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိရာ နိုဝင်ဘာလနောက်ဆုံးပတ်တွင် မကွေးကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော သီးနှံဈေးနှုန်းများမှာ ပဲတီစိမ်း (သစ်)ပိဿာ ၂၀ ပါ တစ်တင်းလျှင် ကျပ်၅၂၀၀၀၊ ပဲနောက် ပိဿာ ၂၀ ပါ တစ်တင်းလျှင် ကျပ် ၄၆၅၀၀၊ ပဲလွန်း၁၉ ပိဿာပါ တစ်တင်းလျှင် ကျပ် ၅၅၀၀၀၊ ကုလားပဲ(929) ၁၉ ပိဿာပါ တစ်တင်းလျှင် ကျပ် ၈၄၅၀၀၊ ကုလားပဲ(ဟော်လန်) ၁၉ ပိဿာပါ တစ်တင်းလျှင် ကျပ် ၈၄၀၀၀၊ ပဲကြီး(ဖြူ)ပြားကြီး ၁၉ ပိဿာပါ တစ်တင်းလျှင် ကျပ် ၁၃၀၀၀၀၊ ပဲကြီးဖြူ(လတ်) ၁၉ ပိဿာပါ တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀၊ ပဲကြီးဖြူ(သေး)၁၉ ပိဿာပါ တစ်တင်းလျှင် ကျပ် ၁၁၀၀၀၀၊ နှမ်းနက်(စမုံ) ၁၅ ပိဿာပါ တစ်တင်းလျှင် ကျပ် ၁၀၇၀၀၀-၁၁၀၀၀၀၊ နှမ်းဖြူ ၁၅ ပိဿာပါ တစ်တင်းလျှင် ကျပ် ၁၁၅၀၀၀၊ နှမ်းနီ(မကွေး) ၁၅ ပိဿာပါ တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀၊ မြေပဲလုံးဆန်(နီ) တစ်ပိဿာလျှင် ကျပ်၅၃၀၀- ၅၅၀၀ နှင့် မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၅၅၅၀-၅၆၀၀ စသည့် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မကွေးကုန်စည်ဒိုင်၌ နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း အရောင်းအဝယ်ဖြစ်မှု အနေဖြင့် နှမ်းဖြူ တန် ၁၀၀ ခန့်၊ နှမ်းနီ ၂၅ တန်ခန့်၊ နှမ်းနက်(စမုံ) တန် ၁၀၀ ခန့်၊ နှမ်းနက် (ရိုးရိုး) တန် ၅၀ ခန့်၊ ပဲတီစိမ်း တန် ၅၀ခန့်၊ ကုလားပဲ တန် ၁၀၀ခန့်၊ ပဲကြီး (ဖြူ) တန် ၄၀ ခန့်၊ ပဲကြီး(မဲ) ၁၀ တန်ခန့်၊ စားတော်ပဲ တန် ၂၀ ခန့်၊ မတ်ပဲ ၁၅ တန်ခန့်နှင့် မြေပဲဆန် တန် ၅၀၀ ခန့်၊ ပဲနောက်တန် ၅၀ခန့်နှင့်ပဲလွန်း ဝါတန် ၇၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၆.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၄၇၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၂၂၀ | ၁၆၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၁၀၀ | ၁၇၀၀၀ | ၄၃၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၇၀၀ | | ၄၃၅၀ | ၁၆၀၀၀ | ၅၃၅၀ | ၁၁၀၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | ၃၈၀၀ | ၂၇၅၀ | ၆၀၀၀ | ၁၉၀၀၀ | ၅၄၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၃၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၆၂၀၀ | ၂၀၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၄၇၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၁၅၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ STAR CITY အိမ်ရာဝင်းရှိ၊ CITY LOFT (တိုက်အမှတ် CL-4)၊ (အခန်းအမှတ်- 404)၊ အိပ်ခန်း (1) အခန်းပါ Mini ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်ဝင်းစိန် [၁၂/မဂဒ(နိုင်)၀၄၁၆၁၁]ထံမှ ၃၀-၁၁-၂၀၂၃ နေ့စွဲပါ စရန်ငွေပေးစာချုပ်ဖြင့် ကျွန်မ မအေးအေးပြုံး [၇/ပခန(နိုင်)၁၆၉၁၂၁]က ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေပြီးဖြစ်ပါကြောင်း၊ ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လျှင် အရောင်းအဝယ်ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးပြုံး**
**ဖုန်း- ၀၉-၈၈၀၀၂၇၀၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ် (၂၂၈)၊ မြေကွက်တည်နေရာအမှတ် (၂၂၈)၊ အောင်သုခလမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသန်းထွန်း (BT-၀၁၅၁၄၀) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်(ဖခင်)ဦးသန်းထွန်းနှင့် (မိခင်)ဒေါ်ကြည်ကြည်မြတို့ အသီးသီးကွယ်လွန်သဖြင့် ဦးဇော်မင်းထွန်း [၁၂/ရကန(နိုင်)၁၄၉၆၅၈]မှ ၎င်းတစ်ဦးတည်းသာ မွေးဖွားခဲ့ကြောင်းနှင့် အခြားသော မွေးချင်းများမရှိကြောင်းနှင့် ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းမရှိကြောင်း၊ ၎င်း(၁)ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်) ဦးသန်းထွန်း၏ သေဆုံးမှုလက်မှတ်၊ (မိခင်) ဒေါ်ကြည်ကြည်မြ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀ )
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃၂

Yoma Fleet Ltd နှင့် ၁။ ဦးစိုင်းဆိုင်မွန်(ခ)Eric Su
(ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ၂။ ဦးဟိန်းထက်ထက်ဇော်
စီနီယာမန်နေဂျာ ဦးခန့်ဖြိုးလင်း)

**(တရားလို)** **(တရားပြိုင်များ)**

| စဉ် | ရာထူး | လစာနှုန်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၄၀၀ |
| (ခ) | စာရင်းကိုင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၅၀ |
| (ဂ) | ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၅၀ |
| (ဃ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၃၅၀ |
| (င) | စာကြည့်တိုက်လ/ထ(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၅၀ |
| (စ) | ယာဉ်မောင်း(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁၀၀ |
| (ဆ) | ရုံးအကူ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၀၀ |

၂။ လျှောက်ထားသူသည်-
- (က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
- (ခ) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံ သန်စွမ်းသူဖြစ်ရမည်။
- (ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၄၀ နှစ်ထက် မကျော်လွန်သူ၊ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (င) အမှတ်စဉ် ၁။ (က)၊ (ခ)၊ (ဃ)၊ (င)နှင့် (ဆ)တို့သည် ဘွဲ့တစ်ခုခုရရှိသူ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အမှတ်စဉ် ၁။ (ဂ)သည် ဘွဲ့တစ်ခုခုရရှိသူ(သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ပြီး ကွန်ပျူတာအခြေခံသင်တန်းဆင်း လက်မှတ်ရရှိပြီးသူဖြစ်ရမည်။ အမှတ်စဉ် ၁။ (စ)သည် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ(သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ပြီး ယာဉ်မောင်း လိုင်စင် (ခ) ရရှိပြီးသူဖြစ်ရမည်။
- (စ) အနည်းဆုံး လုပ်သက်(၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်။ အကြောင်းအမျိုးမျိုး ကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက လျော်ကြေးငွေကျပ် ၅၀၀၀၀၀/- (ငါးသိန်းတိတိ)ကို ပေးလျော်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းများသည် အထက်ဖော်ပြပါရာထူးများတွင် တာဝန်ထမ်းဆောင်လိုပါက မိမိတာဝန် ထမ်းဆောင်နေသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ခွင့်ပြုချက်ရယူပြီး နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက် ဖြေဆိုနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
- (က) လိုင်စင်ဓာတ်ပုံ (၂)ပုံ
- (ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ ထောက်ခံစာမိတ္တူနှင့် အသက် အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ **(လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါအထောက်အထား (မူရင်း)များ တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)**
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း
- (င) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (စ) (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းတို့မှ ထောက်ခံစာမူရင်း

၆။ လျှောက်လွှာများကို (၃၁-၁၂-၂၀၂၃)ရက်နေ့ (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောပို့ဖြင့်ဖြစ်စေ နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများသို့ ပေးပို့ လျှောက်ထားနိုင်သည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်စာရွက်စာတမ်း မပြည့်စုံသည့်လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုရမည်။ ဖြေဆိုရမည့် ခုံအမှတ်နေရာကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများတွင် ကြေညာမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ်(ရေးဖြေ) | နေ့ရက်အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၂၀-၁-၂၀၂၄) နံနက် (၉)နာရီမှ (၁၀) နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | (၂၀-၁-၂၀၂၄) နံနက် (၁၀)နာရီမှ (၁၁) နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | (၂၀-၁-၂၀၂၄) နံနက် (၁၁)နာရီမှ (၁၂) နာရီထိ |

၈။ ယာဉ်မောင်း(၅)ရာထူး လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုရန် မလိုအပ်ဘဲ လူတွေ့စာမေးပွဲကိုသာဖြေဆိုရမည်။ လိုအပ်ပါက ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းခံယူရမည်။

၉။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများတွင် (၂၁-၁-၂၀၂၄) ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

၁၀။ သက်ဆိုင်ရာအသေးစိတ်အချက်အလက်များကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း နံပါတ်- ၀၆၇-၃၄၀၇၇၃၂၊ ၀၆၇-၃၄၀၇၇၂၀ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

# ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

**ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃၈**

| | | |
|---|---|---|
| SCG Myanmar Concrete and Aggregate Co.,Ltd (၎င်း၏ကိုယ်စား ကုမ္ပဏီ မန်နေဂျာ ဒေါ်ကလျာဝင်း) | နှင့် | Depawaddy Construction Co.,Ltd (၎င်း၏ကိုယ်စား Managing Director Daw Nant Su Shwe Sin) |
| (တရားလို) | | (တရားပြိုင်) |

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ Kandawgyi Housing Development အခန်းအမှတ်-၄၀၂၊ ၄-လွှာ၊ အဆောက်အဦးအမှတ်-(M1) နေ Depawaddy Construction Co.,Ltd (၎င်း၏ကိုယ်စား Managing Director Daw Nant Su Shwe Sin) (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင်အပေါ်၌ တရားလိုက **"ငွေကျပ် ၂၇၈,၆၃၆,၂၁၆.၁၄/- (နှစ်ထောင့်ခုနစ်ရာရှစ်ဆယ့်ခြောက် သိန်းသုံးသောင်းခြောက်ထောင်နှစ်ရာတစ်ဆယ့်ခြောက်ကျပ် တစ်ဆယ့်လေးပြားတိတိ) ရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက် (၁၃၈၅ခု၊ နတ်တော်လဆန်း ၃ ရက်)**နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည် မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုတို့က ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းမြမြစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

# "အများသိရှိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးတင်ထွေး[၇/ပမန(နိုင်)၀၉၈၅၇၂]နှင့် ဒေါ်ကြည်သိမ်း[၇/ပမန(နိုင်)၀၉၈၅၇၁] တောင်ခွေးရဲရွာ၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းနေသူတို့၏ သားဖြစ်သူ မောင်ကျော်သူလွင်[၇/ပမန(နိုင်)၁၄၀၉၁၉]သည် မိသားစုများ၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေသောလုပ်ရပ်များအား လုပ်ဆောင်သွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ မိတ်ဆွေများ၏အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်ကျော်သူလွင်နှင့်ပတ်သက်သည့်ကိစ္စအဝဝသည် မိသားစုများနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် လိုက်လံဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတင်ထွေး+ဒေါ်ကြည်သိမ်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန့်သင်းသင်းရွှေ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၀၀/၂၁-၁၁-၂၀၁၃)**
**ဖုန်း-၀၉-၄၅၀၀၃၄၈၂၉**

# "သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း"

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ငွေးပင်ကွက်သစ်ကျေးရွာနေ ဒေါ်မြင့်မြင့်ကြည် [၈/ခမန(နိုင်)၀၈၉၄၉၄]၏သားကြီးဖြစ်သူ ဦးနိုင်နိုင်အောင်(ခ)ကိုဖြိုး [၈/ခမန(နိုင်)၁၁၅၁၆၅)]သည် မိခင်ဖြစ်သူအား နည်းမျိုးစုံဖြင့် စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော အကြောင်းအရာကိစ္စအဝဝကို (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကျွန်ုပ်၏မိတ်ဆွေမှ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သီရိထွန်း (LL.B, Dip in IT)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၂၇၁)**
**ဖုန်း-၀၉ ၄၄၈၀၄၇၀၉၇**

# အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ လေးထောင့်ကန်လမ်းနေ ဒေါ်ဝေဝေလှိုင်က ဝယ်ယူထားသည့် ID No.6710 MTSH အစုရှယ်ယာသက်သေခံလက်မှတ် အစုရှယ်ယာအရေအတွက် ၆၀၀ ပါ shares certificate ပျောက်ဆုံးသွားကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေလှိုင် [၁၃/တကန(နိုင်)၀၀၄၆၆၃]**

**အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက နိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-**

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဦးလွင်ဦး+၁ | ၆/မအရ(နိုင်)၀၈၂၅၁၂ | ၁၃၅/၁၀၇၁၊ ရဲဘော်(၃)လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန် | ၃၉၉/က၊ ဘော့ကန် | ၅၅ အစိတ်အပိုင်း | EE-မာဂရက် |
| ၂ | ဦးထင်လင်းထိုက် | ၁၂/ရပသ(နိုင်)၀၃၅၆၈၅ | ၁၂၂၀/ခ၊ မဟာဗန္ဓုလလမ်း၊ ၁၅-ရပ်ကွက်၊ ရွှေပြည်သာ | တ/၄၁ | ၁၂၂၀/ခ | ဦးတင်ဟိုး |
| ၃ | ဦးချစ်လင်းစိုး | ၁၂/မရက(နိုင်)၁၇၀၇၀၈ | ၇၉၆ ၃/၂၊ ရော(၅)လမ်း၊ ဈ-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ဈ | ၇၉၆ ၃/၂ | ဦးလှမြင့် |
| ၄ | ဦးတင်ထွန်း | ၁၂/တမန(နိုင်)၀၉၅၄၅၉ | ၁၁၇၊ ကာယသုခလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၆/ကံဘဲ့ | ၂၂ Portion | မစ္စတာ CK ကံဘီ |
| ၅ | ဒေါ်ဇင်ဇင်ထက် | ၁၂/ဒဂရ(နိုင်)၀၁၈၁၆၂ | ၆၃၁ ၃/၂၊ ရော(၁၃)လမ်း၊ ည-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ည | ၆၃၁ ၃/၂ | ဦးဘိုကျော် |
| ၆ | ဒေါ်ရီရီသန်း | ၁၂/သဃက(နိုင်)၁၇၉၂၂၄ | ၁၆၊ ဂမုန်းလမ်း၊ က-ရပ်ကွက်၊ သဃ်္ဃန်းကျွန်း | ၅၄ | ၁၁၄ Portion | ကိုစံလှ၊ မသိန်းခင် |
| ၇ | ဦးရာကွတ်+၁ | ၁၂/သဃက(နိုင်)၂၀၃၉၄၃ | ၁၂/၀၉၀၅၊ အေးမေတ္တာလမ်း၊ ဂ-ရပ်ကွက်၊ သဃ်္ဃန်းကျွန်း | ၄၉ | ၂၇ Portion | အမ်အာရ်ဒစ္စတံပုလဲ |
| ၈ | ဒေါ်မရီယံဘီ | ၁၂/ဗတထ(နိုင်)၁၂၉၂၁၆ | ၄၀၈/B၊ ဟသ်ာလမ်း၊ ခ-ရပ်ကွက်၊ သဃ်္ဃန်းကျွန်း | ၅၀ | ၁၅၅ Portion | မလှိုင် |
| ၉ | ဒေါ်ခင်ဖုန်းမြင့် | ၁၂/သဃက(နိုင်)၀၇၅၀၄၉ | ၃၆/ဂ၊ လမ်းမတော်လမ်းသွယ်လမ်း၊ ဦးစံဖေရပ်ကွက်၊သဃ်္ဃန်းကျွန်း | ၂၅ | ၆/ခ Portion | ဦးနေဝင်း |
| ၁၀ | ဒေါ်တင်ရွှေ | W/RGN-၀၂၀၅၁၅ | ၁၃/၀၉၇၂၊ ကြိုးစက်ရုံ(၁)လမ်း၊ ဂ-ရပ်ကွက်၊ သဃ်္ဃန်းကျွန်း | ၄၉ | ၂၇ Portion | အမ်အာရ်ဒစ္စတံပုလဲ |
| ၁၁ | ဦးကျော်ရှိန် | ၁၀/ရမန(နိုင်)၀၃၄၄၄၃ | ၉၁၈၊ ရွှေပုပ္ပါးလမ်း၊ ၅၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၅ | ၉၁၈ | ဒေါ်ခင်သန့်လွင် |
| ၁၂ | ဒေါ်တင်ရွှေ | ၁၂/တမန(နိုင်)၀၄၆၁၂၂ | ၈၈/ခ၊ ဥဿဖရားလမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၁ | ၈၈/ခ | ဦးသန်းတင် |
| ၁၃ | ဒေါ်ဓာခြည်ဖြိုး | ၁၂/ဒဂတ(နိုင်)၀၅၀၃၅၉ | ၃၀၂/က၊ နဝရတ်ကိုးသွယ်လမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၆ | ၃၀၂/က | ဦးသန်းဌေး |
| ၁၄ | ဒေါ်လှမြင့် | ၁၂/လမန(နိုင်)၀၉၆၉၆၉ | ၂၂၊ လှိုင်မြစ်လမ်းသွယ်(၂)လမ်း၊ ၁-ရပ်ကွက်၊ လှိုင် | ၁၃ | ၆၀/စ၊ ၅၉/ဃ | မီးလောင်ပြင်ပြန်ချ |
| ၁၅ | ဦးမြင့်ဇော် | ၁၂/စခန(နိုင်)၀၂၉၀၄၉ | ၈၇၁/ခ၊ ဒဂုံရွှေများ(၂)လမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၂ | ၈၇၁ | ဒေါ်တင်တင်နိုင် |
| ၁၆ | ဦးမင်းဇော်နိုင် | ၈/ပဖန(နိုင်)၀၉၄၁၀၈ | ၁၂၉၂/က၊ သိမ်ချောင်းလမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၁ | ၁၂၉၂ | ဦးမြတ်မိုးဝင်း |
| ၁၇ | ဒေါ်ကျန်စာရမေရီ | TGKN-၀၅၂၉၂၇ | ၆၊ အောင်တံခွန်လမ်းသွယ်လမ်း၊ က-ရပ်ကွက်၊ သဃ်္ဃန်းကျွန်း | ၅၃ | ၉ Portion | မောင်လှအောင်+ မမြ |
| ၁၈ | ဒေါ်သီတာနှင်း | ၂/လကန(နိုင်)၀၀၈၂၈၉ | ၉၂၁၊ သဇင်မြိုင်လမ်း၊ ၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၁ | ၉၂၁ | ဦးသန်းထိုက် |
| ၁၉ | ဒေါ်ငြိမ်းဓာဓာ | ၁၃/ညရန(နိုင်)၀၆၀၂၀၂ | ၁၄၉၊ သစ္စာလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၄/ကံဘဲ့ | ၃ | အိမ်ရာကွက်မြေ |
| ၂၀ | ဒေါ်ထွန်းကြည် | ၁၂/အစန(နိုင်)၀၂၇၉၃၉ | ၄၁၊ ကြေးတိုင်စု(၂)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန် | ၄/ပိန္နဲကုန်း | ၅/ဏ-၂၇ | အပ္ပဒူကယွန်း၊ မိုဟာမက်မစ္စတ်၊ အပ္ပဒူဟာကင်၊ မိုဟာမက်ဇက္ကရီယား |
| ၂၁ | ဒေါ်အေးသန္တာစိုး | ၁၂/အစန(နိုင်)၁၉၂၆၁၁ | ၃၇၄/ခ၊ ကနောင်ပန်းခြံလမ်း၊ စ-ရပ်ကွက်၊ ရွှေပြည်သာ | ၆ | ၃၇၄/ခ | ဦးစံတင် |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ အက်ဖ်ဂျီအိုင်၊ မြေကွက်အမှတ်-၅၀၂၊ ၀.၀၃၄ ဧက၊ မြေကွက်တည်နေရာအမှတ်-၅၀၂၊ မေတ္တာညွန့်အိမ်ရာ၊ ခေမာသီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (ဦးစိုးမြင့်ကြည် [၁၃/ကမန(နိုင်)၀၆၀၇၄၅] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်မြေအား အမည်ပေါက် ဦးစိုးမြင့်ကြည် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်စန္ဒာကျော် [၁၂/ကမတ(နိုင်)၀၄၂၃၄၀]မှ ဦးစိုးမြင့်ကြည်တွင် တရားဝင်ဇနီးအနေဖြင့် မိမိတစ်ဦးတည်းသာ ကျန်ရစ်ခဲ့ပါကြောင်း၊ အခြားဇနီးကျန်ရစ်ခဲ့ခြင်းမရှိပါကြောင်း၊ ဇနီးဖြစ်သူ မိမိမှသာ ပိုင်ဆိုင်လာခဲ့ပါကြောင်းနှင့် မိမိမှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမှ တရားဝင် အမွေဆက်ခံခွင့်မရှိကြောင်း ၇-၈-၂၀၂၃ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ည+ဋ္ဌ (တိုးချဲ့)၊ မြေကွက်အမှတ်-၇၀/ခ၊ ၀.၀၈၂ဧက၊ မြေကွက်တည်နေရာအမှတ်(၇၀/ခ)၊ သုနန္ဒာလမ်း၊ ည+ဋ္ဌ (တိုးချဲ့)ရပ်ကွက်၊ ဒေါ်ဝင်းဝင်းခိုင် [၁၂/ဥကမ(နိုင်)၀၈၄၆၀၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ကိုယ်တိုင်မှ (၂၀၁၁)ခုနှစ်တွင် ဘဏ်ငွေချေးရန် မြေပုံရာဇဝင် ထုတ်ယူခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)တွင် (၅-၄-၂၀၁၆)ရက်နေ့တွင် ချေးငွေများအား အပြေအကျေပြန်လည်ပေးဆပ်ခဲ့ပါကြောင်း၊ ဘဏ်ချေးမြေပုံရာဇဝင်မှာ မိမိ၏လက်ဝယ်တွင် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမှ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ (၂၀၁၁)ခုနှစ်တွင် ထုတ်ယူထားခဲ့သော ဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်းမှာ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ပါက မိမိက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်-၂၂၆၈/၂၀၂၃/၂၅-၁၀-၂၀၂၃ တင်ပြ၍ မြေကွက်ခွဲစိတ်မြေပုံနှင့် မြေတိုင်းလျှောက်ထားလာခြင်းအား လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၆၄၇)တွင် (၁)ခန်းတည်း (၆)ထပ်တိုက် (Pitch Roof+Partial Roof Slab) (Lift ၁စီးပါ) (လူနေရန်) အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဒေါ်မဖြိုးသူ၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဒေါ်စန်းစန်းရီ (RSE-1534)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ၁၀-၂-၂၀၁၂ ရက်စွဲပါစာအမှတ်၊ BP1-1761-BP3-0218 ခွင့်ပြုမိန့်ဖြင့် ဆောက်လုပ်ခွင့်ပြုထားသော အဆောက်အဦအား ဓာတ်လှေကား တပ်ဆင်နိုင်ခြင်းမရှိသဖြင့် ဓာတ်လှေကားမပါရှိသည့်ပုံစံဖြင့် ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် Revised Plan လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ်(၆၃)မြေကွက်ပေါ်ရှိ တစ်ခန်းတည်း (၇)ထပ်တိုက်၏ ဆဋ္ဌမထပ်၊ ၇-လွှာ၊ အကျယ်အဝန်း (၂၂x၄၈)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြတ်စုထိုက်[၁၄/ပသန(နိုင်)၂၀၂၅၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသူရကိုကိုဝင်း [၁၂/ကမတ(နိုင်)၀၆၅၇၆၈]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၈၊မြေကွက်အမှတ် ၂၀၁၊အကျယ်အဝန်း(၆၀'×၈၀')၊မြေကွက်တည်နေရာအမှတ်-၂၀၁၊သုနန္ဒာ(၁၁)လမ်း၊(၁၅)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဗိုလ်မှူးသန်းနိုင်ဦးအမည်ပေါက်ပါမစ်မြေအားအမည်ပေါက်-ဗိုလ်မှူးသန်းနိုင်ဦးထံမှအရပ်ကတိအရောင်းစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူသူဒေါ်ဖင်ကျောင်း(၁၃/ကခန(နိုင်)၀၄၉၉၁၂)မှ နိုင်ငံသားစိစစ်ရေးကတ်၊အရပ်ကတိအရောင်းအဝယ်စာချုပ်များ၊ပါမစ်မူရင်းတွင်ဓါတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်စာရွက်တို့တင်ပြပြီး၊အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းစာရွက်တို့တင်ပြနိုင်ခြင်းမရှိဘဲပါမစ်(မစုံ)ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အိမ်အမှတ်- ၃၈၇၊ အကျယ်အဝန်း (အလျား-၇၃ပေ x အနံ-၁၀၀ပေ) အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်၊ အဆက်စပ်စာချုပ်များဖြင့် လက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးမင်း[၁၂/အစန(နိုင်)၁၃၆၀၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင့်သီဂီကို [၁၂/အစန(နိုင်)၂၂၁၆၈၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ပြီး အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်အိမ်အား လက်ရောက် ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဝင့်သီဂီကို** | **ဒေါ်သီဂီစိုး (LL.B,D.B.L, D.I.L,** |
| **[၁၂/အစန(နိုင်)၂၂၁၆၈၄]** | **D.I.P.L, D.M.L)** |

**အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၈)**
**အမှတ်(၃၁/A)၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၈၆၃၈၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၉ ရပ်ကွက်၊ ရတနာပုံ ၂ လမ်း၊ အမှတ်- ၁၁၉၅/က၊ ၅ ထပ် အဆောက်အဦ၏၅-လွှာတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်သီတာလင်း [၁၄/မမန(နိုင်)၁၈၅၅၇၀]က ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမင်းအောင် [၁၄/မမက(နိုင်)၁၃၇၈၀၃] ကိုင်ဆောင်သူက လက်ရောက် အပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၈၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၇) ရပ်ကွက်၊ ဟားခါးလမ်း၊ အမှတ်(၇၄၇/ခ)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ရှိဦးတရုတ်ပု အမည်ပေါက် ဂရန်မြေ အမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဖြိုးဇော်တင့် [၁၂/ဗဟန (နိုင်)၀၈၉၉၉၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းလွင် [၁၀/ခဆန (နိုင်) ၀၁၁၀၅၂] ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက မြေကွက် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်တင်ဆွေ (LL.B, D.B.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၁၅)**
**အမှတ် (၁၆၃)၊ ပထမထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၃၁၁၁၅၀၇**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် (၁၄) ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (ဓာတ်လှေကားပါ) (၈)ထပ်တိုက်၏ (၂၉ပေx ၆၀ပေ)ခန့်အကျယ်အဝန်းရှိ Penthouse တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသန့် [၁၃/တကန(နိုင်)၁၃၁၉၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ တိုက်ခန်း၏အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းဆင့်ဆင့်ထွန်း**
**LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၃၉)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၈၄၀၂၇၇**

## ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(၁၈)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်တည်ရှိသည့် RESIDENCE -18 အဆောက်အအုံ၏ အခန်း(၃၀၁) (Level -3 )အကျယ်အဝန်း (၁၀၅၉ စတုရန်းပေ)ရှိ ရေ၊ မီးအစုံ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန်ထရိုက်တာထံမှ စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်သူ ဒေါ်ဖြူစင်ကျော် [၁၄/မအန(နိုင်)၁၉၅၆၅၅]နှင့် ဦးမင်းထက်ဇော် [၁၂/ရကန(နိုင်)၀၇၆၁၆၈]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်အေးအေးဝင်း [၁၄/ပသန(နိုင်)၀၃၅၃၉၉]က တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ရောင်းချခြင်းဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြေညာပါပြီး(၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းထက် ( LL.B, LL.M )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၇၆)**
**အမှတ် (၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၄၂၀၀၁၁၅၇၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၂၁ )ရပ်ကွက်၊ လယ်သမားလမ်းနှင့် လယ်သမား (၂) လမ်းထောင့်၊ မြေကွက် အမှတ် (၂၉၁)အကျယ်အဝန်း(၄၀'x ၆၀') စတုရန်းပေ (၂၄၀၀)၊ ဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင် ဒေါ်ကျင်လှိုင် (ဘ) ဦးကုလား [၁၂/လကန(နိုင်)၀၇၃၀၂၂]အမည်ပေါက် နှစ် (၆၀) ဂရန် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အနက်မှ အကျယ်အဝန်း(၂၀'x ၆၀')စတုရန်းပေ(၁၂၀၀)၊ ဧရိယာ(၀.၀၂၇၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်လှိုင် [၁၂/လကန (နိုင်) ၀၇၃၀၂၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦအား လွှဲပြောင်းရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့်အချိန်တွင် အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းယုရွှေ (LL.B)** | **ဒေါ်ကေသွယ် (LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၃၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၈၀၆၉)** |

**အမှတ် (၂၀၄)၊ မြိတ်လမ်း၊(၂၁) ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၄၄၃၁၆၈၀၀၃၊ ၀၉-၇၇၃၁၆၈၀၀၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈ U10)၊ မြေကွက်အမှတ်(၃၃၅)ကို ဦးဇော်လွင် [၁၂/ကမတ (နိုင်)၀၉၂၆၅၁] အမည်ဖြင့် မြေကွက် တန်ဖိုးပေးသွင်းထားသော အထောက်အထားများ တင်ပြ၍ မြေချပါမစ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက် ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ ( ၁၄ ) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၈၀၊ မြေကွက်တည်နေရာ အမှတ်(၈၀)၊ အင်ကြင်းလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်ခင်မူ (NBN-၁၉၅၉၂၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မူပိုင်ဆိုင်သော မြေကွက်၏ (၄၀x၆၀) ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀ x၆၀ )ပေအား တရားနိုင် ဒေါ်သီတာစိုး [၁၃/လကန (နိုင်) ၀၃၈၀၆၉]မှ ဝယ်ယူခဲ့ခြင်းဖြစ်ခြင်းကြောင့် ဒေါ်ခင်မူအား တရားပြိုင်ထားကာ ဒေါ်သီတာစိုးမှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တရားရုံးတွင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် တရားရုံးဒေါ်ခင်မူကိုယ်စား ဘီလစ်ဒေါ်မြင့်မြင့်ကြည် [၁၂/ဒပန(နိုင်)၀၂၈၄၄၂]မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် (၁/၂၈-၆-၂၀၁၃)၊ တရားမဇာရီမှုအမှတ် (၁၀/၂၀၁၃)တရားပြိုင် ဒေါ်ခင်မူအပေါ် အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီချမှတ်သည့် စီရင်ချက်နှင့်အမိန့်၊ တရားမဇာရီမှု နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ မြေကွက်၏ ခေါင်းရင်းဘက်ခြမ်း (၂၀'x၆၀')အား Protion ဖြင့် အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး တရားနိုင် ဒေါ်သီတာစိုး မှသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်၍ ဘီလစ်ဒေါ်မြင့်မြင့်ကြည်မှ (Portion) ဖြင့် အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၆-၁၂-၂၀၁၃) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၆) တွင် ပါရှိသည့် "ဒေါ်ခင်ပပထွန်းနှင့် အများသိစေရန် ကြေညာခြင်း"တွင် ဒေါ်ခင်ပပထွန်း၏ မှတ်ပုံတင်အမှတ်အား [၁၂/မဂတ (နိုင်)၀၂၁၂၉၆] ဟု ပြောင်းလဲပြင်ဆင်ဖတ်ရှုပါရန်

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းဆင့်ဆင့်ထွန်း**
**LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၃၉)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၈၄၀၂၇၇**

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းရဲကျော်စွာ(၃)လမ်း၊ အမှတ်-၃၉၄၊ ညာဘက်ခြမ်း၊ စတုတ္ထ(၅)လွှာ၊ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းအရပ်ရပ် အကျိုးခံစားခွင့်များ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ လူအသင့်နေရန် ဆောက်လုပ်ကန်ထရိုက်တိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဆက်စပ်ကတိစာချုပ်များအရ လက်ရှိရောင်းချသူ ကန်ထရိုက်တာဦးလှမြင့် [၁၂/တမန(နိုင်)၁၁၃၃၂၂] မှ အရှုပ်အရှင်းကင်းကင်းရောင်းချ၊ စီမံလွှဲပြောင်း လက်ရှိထားပိုင်ဆိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏အမှုသည် ဒေါ်လှလှမြင့် (WKA ၂၁၇၃၉၉)မှ ဝယ်ယူရန် သဘောတူညီသည့်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ဦးလှမြင့်ထံ ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့် အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြီးစီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏အမှုသည် ဒေါ်လှလှမြင့် (WKA ၂၁၇၃၉၉)၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်း(ဝါးခယ်မ) LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၀)**
**အမှတ်-၂၃/က၊ ဘုရင့်နောင်လမ်းမ(ရေကန်ရှေ့)၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-420118326, 09-254471171**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄)

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၈

| | | |
|---|---|---|
| ၁။ ဦးမျိုးမင်းဦး | နှင့် | ဦးသန့်ဇော် |
| (ကိုယ်တိုင်နှင့် ၂ ၏အခွင့်ရ ကိုယ်စားလှယ်) | | (ကွယ်လွန်သူ ဒေါ်ကြည်စိန်၏ တရားဝင်ကိုယ်စားလှယ်) |
| ၂။ ဒေါ်သင်းသင်းထက် | | |
| **(အယူခံတရားလိုများ)** | | **(အယူခံတရားပြိုင်)** |

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ မင်္ဂလာဒုံခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ်-၁၄/၂၀၁၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀/၃၄)ရပ်ကွက်၊ ကွမ်းခြံကုန်းလမ်း၊ အမှတ် (၄၉၉/ခ)နေ အယူခံတရားပြိုင် ဦးသန့်ဇော် (ကွယ်လွန်သူဒေါ်ကြည်စိန်၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မင်္ဂလာဒုံခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ( ၂၉ ) ရက် ( ၁၃၇၅ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( သီတာကျော် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ အရှေ့ကုန်းလမ်း၊ အမှတ် (၁၇) ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတည်း (၈½) ထပ်တိုက်၏ စတုတ္ထထပ်၊ (၅-လွှာ)၊ အကျယ်အဝန်း ( ၂၅ x ၅၀ )ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး ၊ ဓာတ်လှေကား အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိ တရားဝင် ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးကြည် [၁၂/လမတ(နိုင်) ၀၁၃၅၈၆] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်း အဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း ၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း ၀၉ - ၇၉၀၁၂၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့ နယ်၊ ရန်ကုန်မြို့။**

## ဝမ်းနည်းကြေကွဲခြင်း

ပြည်နယ် နား၊ နာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုဆရာဝန်ကြီး(ငြိမ်း) မော်လမြိုင် ဒေါက်တာဒေါ်တင်နွဲ့ဝင်း၏မိခင်ကြီး ဒေါ်စန်းညွန့်(ခ) ဒေါ်ညွန့်ညွန့် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**နား၊ နာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုအဖွဲ့ငယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သန်း (ဖြူး)

**(OTS-49)**

## အသက်(၇၃)နှစ်

သူငယ်ချင်း ဦးအောင်သန်း (၅-၁၂-၂၀၂၃)ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS-49**

**ကျောင်းဆင်းသူငယ်ချင်းများ**

## "အလ္လာအရှင်မြတ် အမိန့်တော်ခံယူခြင်း"

## ဒေါ်ခင်မြင့်မြင့် (ခ) Jasmine(ခ) ရှဖီဆာ

## အသက် (၉၆)နှစ်

မော်လမြိုင်မြို့နေ (ဦးသိန်းမောင်-ဒေါ်မာမာ)တို့၏ သမီး၊ (ဦးဘဇံ-ဒေါ်တီတီ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းသွယ် (၁၂)၊ (၁၁၄/၇)နေ (ဦးတင်အောင်)၏ ဇနီး၊ ဦးမြတ်အောင်၊ (ဦးမျိုးဆက်အောင်)၊ ဦးမျိုးသက်အောင်၊ ဦးအောင်လွင်လေး-ဒေါ်သစ်သစ်စိုး၊ ဒေါ်ဝါဝါအောင်-ဦးထွန်းထွန်းဦး၊ ဦးနေလင်းအောင်-ဒေါ်ငြိမ်းငြိမ်းကျော်၊ ဒေါ်အေးစံပယ်ဖြူတို့၏မိခင်ကြီး၊ မမြတ်စန္ဒီ-ကိုအောင်ကောင်းမြတ်၊ မအေးငြိမ်းဖြူ-မောင်သန့်၊ မဝင့်သော်တာလင်းတို့၏ အဘွား၊ မောင်သြခန့်၏ ဘွားဘွားကြီးသည် ၅-၁၂-၂၀၂၃ ရက် ညနေ ၃:၁၅ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပြီးဖြစ်ပါသဖြင့် ၆-၁၂-၂၀၂၃ ရက်တွင် ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂၃)၊ မြေကွက်အမှတ် (၁၈၂)၊ ပုဂံ (၂)လမ်းဟု ခေါ်တွင်သော ဒေါ်မာမာမြင့်အမည်ပေါက် ပါမစ်မြေကွက်၏ အကျယ်အဝန်း (၄၀'x၆၀')အနက်မှ (ဒုတိယမြောက်) (ခေါင်းရင်းခြမ်း)အကျယ်အဝန်း (၁၀'x၆၀')ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ရည်ညွှန်းလိပ်စာပါ မြေနှင့်အိမ်ကို အမည်ပေါက်ထံမှ အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးမဲ့နီ [၁၁/ပဏတ(နိုင်)၀၀၂၄၉၃]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရဲမြင့်အောင် [၁၂/ဒဂမ(နိုင်)၀၂၄၉၂၅]နှင့် ဒေါ်မိုးသူဇာ [၁၂/သဃက(နိုင်)၁၆၈၅၈၂]တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**ဦးရဲမြင့်အောင်၊ ဒေါ်မိုးသူဇာ**
**၀၉- ၉၆၆၉၈၂၇၄၆**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၇)**
**အမှတ် (၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊**
**၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/၄၊ လူနေရပ်ကွက်အမှတ်- နဝဒေးအိမ်ရာ၊ မြေကွက်အမှတ် (၉၈၂)၊ အကျယ်အဝန်း (၆၀x၆၀)ပေ၊ (၃၆၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၈၃)ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဒေါ်ခင်သန်းနွဲ့ [၁၂/လမန(နိုင်)၀၂၉၀၁၄]အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ပါသည်။ မြေအမည်ပေါက်ဖြစ်သူ မိခင်ဒေါ်ခင်သန်းနွဲ့မှ သမီးဖြစ်သူ ဒေါ်ဝင်းလဲ့ရွှေရည် [၁၂/လမန(နိုင်)၁၀၉၇၂၇]အား အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မေတ္တာဖြင့်ပေးကမ်းမည်ဖြစ်ရာ အဆိုပါပေးကမ်းသည့်ပစ္စည်းနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း- ၀၉-၄၃၁၃၃၉၉၀၊ ၀၉-၅၁၈၁၁၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၉၉/က (ဘော့ကန်)၊ မြေကွက်အမှတ်- ၈/အီး၊ ဧရိယာ-၀.၂၅၂ဧက၊ မြေကွက်တည်နေရာအမှတ်- ၃၄အေ၊ သီရိလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးမြဇော် [၁၂/အစန(နိုင်)၀၈၇၁၅၂] အမည်ပေါက် မြေပိုင်မြေ လ/န-၃(ခ)ရပြီး မြေအား အမည်ပေါက် ဦးမြဇော်(ခင်ပွန်း)သည် (၂၇-၆-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်ဥမ္မာမြင့် [၁၂/အစန(နိုင်)၀၈၇၁၅၃]မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ အခြားသော ဇနီးမယားမရှိကြောင်း၊ ခင်ပွန်းဖြစ်သူ ဦးမြဇော်သည် မကွယ်လွန်မီက တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော (အလျားxအနံ) (၄၁'x $\frac{80'}{100'}$ )ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ်အမှတ်- ၃၉၂၁/၂၀၁၆ ဖြင့် ဒေါ်အမာလွင်(ခ)ဒေါ်ခင်မာလွင် [၁၂/အစန(နိုင်)၁၂၂၈၁၆]ထံသို့ ရောင်းချခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်းဖြစ်သူ ပိုင်ဆိုင်သည့် ကျန်ရှိသောအစိတ်အပိုင်းအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ ၎င်းသာလျှင် အမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၁၀၁၉/၂၁-၃-၂၀၂၃၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးမြဇော်၏ အမည်ပေါက်စာချုပ်၊ အရောင်းအဝယ်စာချုပ်အမှတ်-၃၉၂၁/၂၀၁၆(၁၅-၇-၂၀၁၆)အမည်ပေါက်၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ တစ်ဖက်သတ်ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ နှင်းဆီမြိုင်(၆)လမ်း၊ မြေကွက်အမှတ်(၁၄၀)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးလှသောင်း [၉/ကပတ(နိုင်)၂၁၆၁၅၂] အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေချပါမစ်အမည်ပေါက်ပိုင်ရှင် ဦးလှသောင်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကနှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုကာ အပြီးအပိုင် လက်ရောက်ရယူ ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း (အထက်)၊ အမှတ်(၂၁၈/တ-၁)၊ မြေညီထပ်(မျက်နှာမူဘယ်ခြမ်း)၊ အကျယ်အဝန်း(၁၂ပေx ၄၀ပေ)၊ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဆန်းဝင်းဦး [၁၂/မဂတ(နိုင်)၀၈၁၀၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဗန်လားငှကီး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၀၅၆)**
**အမှတ်(၉/၁၁)၊ အခန်း(၃၀၂)၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၇၉၅၈၉၈၀၈၃**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၄)၊ ရွှေဟသ်ာ (၇)လမ်း၊ မြေကွက်အမှတ် ( ၄၉၆/က)ဟုခေါ်တွင်သော ဦးထင်အောင်ကျော် အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ်ပေ( ၂၀x၆၀)၊ ဧရိယာ (၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်လင်း [၅/ဒပယ(နိုင်)၁၀၀၄၆၅]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမွန်သိန်း [၇/ညလပ(နိုင်)၁၆၂၀၁၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဒေါ်စုမွန်သိန်း**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ် (၆၇၁)၊ ဧရိယာ (၀.၀၅၅)ဧက၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ (၂၄၀၀-စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၇၁)၊ ဇော်ဂျီလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်ခွင့်ရှိသူ ဦးကျော်ရှိန် [၁၂/မရက(နိုင်) ၀၆၃၈၇၆] (ALN-၀၆၇၄၂၁) ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ရှိန်မှ ၎င်း၏သမီးရင်းဖြစ်သည့် ဒေါ်ဝင်းဝင်းမိုး [၁၂/မရက(နိုင်)၁၁၈၉၀၂]အား မေတ္တာဖြင့် (၁၁-၉-၂၀၂၃)နေ့တွင် အပိုင်ပေးကမ်းပြီးဖြစ်ပါသည်။ သန်းခေါင်စာရင်းပါ မိသားစုဝင်များအားလုံးမှလည်း ကန့်ကွက်ရန်မရှိ သဘောတူညီကြပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိန်စိန်ဌေး**
**တရားလွှတ်တော်ရှေ့နေ စဉ်-၇၈၇၄ (၂၁-၃-၂၀၁၁)**
**အမှတ်(၉/၁၁)၊ ၃၆-လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-5042811**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ဦး (ခ) ဒေါ်တင်ရီ

## အသက် (၉၃) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရွှေတောင်မော်ကျေးရွာနေ (ဦးထွန်းအံ့-ဒေါ်ကြင်စိန်) တို့၏ သမီးကြီး၊ (ဦးသောင်းတင့်)၏ ဇနီး၊ ဒေါ်အေးမြင့်ခိုင်၊ ဦးကျော်လွင် (Grand Hanthar International Hospital)၊ ဦးဝင်းမော် (ဆရာ ရန်အောင်ဟိန်း)-ဒေါ်ချောမွန်ရည်၊ ပါမောက္ခ ဒေါက်တာလဲ့လဲ့ဝင်း (ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာမင်းဇော်-ဒေါ်သိမ်းသိမ်းမိုးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်သန့်ဇေယျာအောင်၊ မမြတ်နိုးခင်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၅- ၁၂-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၂:၂၅ နာရီတွင် ရန်ကုန်တက္ကသိုလ်နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၁၂-၂၀၂၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## Dr မင်းကိုကိုသောင်း

## Clinical Associate Professor

## အသက် (၅၃)နှစ်

ရန်ကုန်မြို့နေ ဦးမြင့်သောင်း - ဒေါ်စိုးနွယ်နွယ်တို့၏ သား၊ Dr ဝင်းကိုကိုသောင်း - Dr မေဦးခိုင်တို့၏ ညီ၊ Dr စန်းစန်းမင်း၏ ခင်ပွန်း၊ မကေသီမင်းမင်းသောင်း၏ ချစ်လှစွာသောဖခင် Dr မင်းကိုကိုသောင်းသည် ၄-၁၂-၂၀၂၃ (တနင်္လာနေ့) နံနက်တွင် Australia နိုင်ငံ Sydney မြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု


**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**




**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမစနစ်ဖြင့် သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လို...**

❖ **မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိ...**

❖ **သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

## ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၄ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ★





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အားကစားပြိုင်ပွဲများစတင်ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ဒီဇင်ဘာ ၅ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများနှင့် လယ်ဝေး အားကစားလေ့ကျင့်ရေးစခန်းတို့တွင်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး အားကစားနည်းများအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ယနေ့နံနက် ၇ နာရီတွင် လယ်ဝေး အားကစားလေ့ကျင့်ရေးစခန်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ၏ ဒုတိယနေ့ ပွဲစဉ်အဖြစ် အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၈၀၀ အပြေးပြိုင်ပွဲ၊

စာမျက်နှာ ၆ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့**

ဆောင်းပါး စာမျက်နှာ » ၇

**ပြည်တွင်းသုံးစွဲရန်လိုအပ်သောစက်သုံးဆီများ အလုံအလောက်ရှိကြောင်းနှင့် ကောလာဟလသတင်းများကြောင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူရန်မလိုအပ်**

စာမျက်နှာ » ၁၃